# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၁) ရက်၊ သောကြာနေ့ ၊ (28-7-2023) ၊ အတွဲ (၃၂)၊ အမှတ် (၈၈၉)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# တစ်ခေါက်တစ်ခါ အရောက်လာ၍ ဖူးမြော်ပါ



မြန်မာနိုင်ငံကို ဗုဒ္ဓသာသနာထွန်းကားသောနိုင်ငံ၊ ဘုရားစေတီပုထိုးတို့ လက်ညှိုးထိုး၍ မလွဲ အောင်ပင် ပေါများလှသောနိုင်ငံအဖြစ် ကမ္ဘာကသိရှိထားသည်။ ယခုအခါ ထိုသို့သိမြင်မှုကို ပိုမို ခိုင်မာစေမည့် ရုပ်ပွားဆင်းတုတော်ကြီးတစ်ဆူနှင့် ဗုဒ္ဓဥယျာဉ်တော်ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။

၎င်းမှာ အခြားမဟုတ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပင် ဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ ကြည်ဖြူသော နှလုံးရွှင်ပြုံးသော သဒ္ဓါထက်သန်လှစွာသော လှုလဝီရိယစိုက်ထုတ်မှုတို့ကြောင့် ယခုအခါတွင် ငွားငွား စွင့်စွင့် တင့်တင့်တယ်တယ် သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပြီဖြစ်သည်။

အဆိုပါ အံ့ချီးမကုန် မြင်တွေ့ဖူးမြော်ကြရမည်ဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရာတွင် ထားရှိသည့် ရည်ရွယ်ချက်များမှာ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာ တော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပစွာ တည်ရှိနေမှုကို ကမ္ဘာသို့ပြသရန်၊ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုဗဟိုချက်ဖြစ်လာစေရန် နိုင်ငံတော်ကြီးသာယာဝပြောစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်မွန်မြတ်သည့် စိတ်ရင်းစေတနာတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရပေရာ မြန်မာနိုင်ငံသားများအဖို့သာမက ဗုဒ္ဓဘာသာဝင် အပေါင်းတို့အဖို့ ဝမ်းမြောက်ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

စကျင်တောင်ပေါ်မှ မူလစကျင်ကျောက်တုံးကြီးကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး မဆုတ်မနစ်သော လုံ့လအားထုတ်မှု၊ ထက်သန်သောကြည်ညိုသဒ္ဓါတို့ဖြင့် တူးဖော် ခြင်းကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လထိ ၂၁ လကြာ ဆောင်ရွက်ခဲ့ပြီး ပင့်ဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ စက်တင်ဘာလထိ ရေကြောင်းမှလည်းကောင်း၊ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ ကုန်းကြောင်းမှလည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့သည်ကို နေ့စဉ်ထုတ်သတင်းစာများတွင် ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့ခဲ့ကြရသည်။

စကျင်ကျောက်တော်ကြီးကို ဆင်းတုတော်နှင့် ပလ္လင်တော်အဖြစ် အစိတ်အပိုင်းကိုးခုခွဲ၍ **CNC** စက်ဖြင့် ထုဆစ်ခဲ့ပြီး ကြီးမားလေးလံသောဝန်များကို သယ်ယူနိုင်သည့်ယာဉ်များ၊ စက်ယန္တရား များဖြင့် အဆင့်ဆင့်သယ်ဆောင်ကာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် တွင် တင့်တယ်စွာစံပယ်နိုင်ရန် စီမံဆောင်ရွက်ခဲ့သည်မှာ နှစ်ထောင်းအားရစွာ သာဓုခေါ်ဆို ဖွယ်ရာပင်ဖြစ်ပေသည်။

ယခုအခါ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဥယျာဉ်တော်သာသနိကအဆောက်အအုံများ လှူဒါန်းခြင်း ရေစက်ချမဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယ ဝါဆိုလပြည့် (ဓမ္မစကြာနေ့) ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်(အင်္ဂါနေ့)တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ရာ ဗုဒ္ဓသာသနာတော်အတွက် နေ့ထူးနေ့မြတ်တစ်ရက်အဖြစ် မှတ်ယူနိုင်တော့မည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နှစ်ထောင်းအားရ ကြည်ညိုသဒ္ဓါထက် သန်စွာ ဖူးတွေ့နိုင်ကြမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကြည်မွေ့ပျော်ရွှင်ဗုဒ္ဓဥယျာဉ်၊ သာသနိကအဆောက်အအုံများဆီသို့ တစ်ခေါက်တစ်ခါအရောက်လာ၍ ဖူးမြော်နိုင်ကြရန် ဖိတ်မန္တက ပြုကာ နှိုးဆော်အသိပေးရေးသားလိုက်ရပေသည်။

## မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပြောင်းပူးများ ဈေးကောင်းရရှိနေ

# ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်နှင့်ပြည့်စုံသော ကောင်းမှုထိုထို လမြတ်ဝါဆို

မောင်ဖြိုးသူ(ကြို့ပင်ကောက်)

❖ ဗုဒ္ဓသာသနာတော်မှ ရဟန်းသံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး တစ်ရပ်တစ်ပါးသို့မကြွကြဘဲ တစ်ကျောင်းတစ်နေရာတည်းတွင်သာ သီတင်းသုံးပါမည်ဟု မြတ်စွာဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကို ရည်ရွယ်ပြီး "ဝါဆိုလ"ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလ၊ ဝါတွင်းကာလတွင် "ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်"ဟူသော ဝေါဟာရများလည်း ပေါ်ထွက်လာခဲ့ကြသည်။ ❖

**"မိုးရာသီ ဝါဆိုလပေမို့၊ ကိုးဌာနံ ပြာညို့ကောဖြင့်၊ ရွာနိုရဲ မိုးနတ်ဆွေ"**ဟု စာပေပညာရှင်များက ညွှန်းဆိုခဲ့ကြသော ဒုတိယမြောက်မိုးလ၊ မြန်မာ့ဆယ့်နှစ်လရာသီ၏ စတုတ္ထမြောက်လ(လမြတ်ဝါဆို)တွင် မိုးဖြိုင်ဖြိုင်ကျလေပြီ။ အပူဒဏ်မှကင်းလွတ်ခဲ့ရလေပြီ။

**"ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်"**

**"ဝါဆိုဝါခေါင်၊ ရေတွေကြီးလို့၊**
**သပြေသီးမှည့်၊ ကောက်ရိုက်ကွယ်"**

**"သပြေကသီး၊ ရေကကြီးသနဲ့၊**
**ထန်းသီးကကြွေ၊ မိုးကဇွေ"**

**"ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"**ဟူ၍ ဝါဆိုမိုးနှင့်ပတ်သက်၍ ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးများက ဆိုညည်းကြလေ့ရှိသည်။ ဝါဆိုလဆန်းမှာပင် စာသင်ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူလေးများ သွားလာလှုပ်ရှားမြူးထူးပျော်ပါးနေကြသည်ကလည်း ဝါဆိုလ၏ မင်္ဂလာအလှတစ်မျိုးပင်ဖြစ်သည်။

ထိုရာသီမို့ လယ်ယာမြေတစ်ခွင်တွင် ထွန်ရေးငင်လုပ်ငန်းဝင်နေကြသော ကျေးလူရှင်တောင်သူကြီးများ၏ လှုပ်ရှားမှုအမျိုးမျိုးအဖုံဖုံကို လွမ်းခြုံဂုဏ်ပြုစာပန်းချီခြယ်သခဲ့ကြသော စာဆိုတော်ကြီးများ များစွာရှိခဲ့ကြပါသည်။

ထို့ပြင် ရာသီသဘာဝအလှများနှင့် ဗုဒ္ဓဘာသာဝင်လူမျိုးများ အထွတ်အမြတ်ထားကြရသည့်ဘာသာရေးအထိမ်းအမှတ် အခမ်းအနားပွဲတော်များအကြောင်းကိုလည်း သားစဉ်မြေးဆက် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် စာပေရေးရာအဖြာဖြာဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။

**"လဝါဆိုမှာ မင်္ဂလာအဖြာဖြာ"**

**"ဝါဆိုလပြည့် ဓနေနေ့ဝယ် ကြွေးကြော်လျှံတက် ဓမ္မစက်ကို မိန်မြွက်ထွေပြား ဟောဖော်ကြားသည် တရားနတ်စည်ရွှမ်းတယ်ကို"**

**(လယ်တီဆရာတော်ကြီး)**

ဝါဆိုလကို မင်္ဂလာရှိမြင့်မြတ်သောလဟု မှတ်ယူခဲ့ကြခြင်းမှာ ဝါဆိုလပြည့်နေ့တွင် **သန္ဓေ၊ တောထွက်၊ ဓမ္မစက္က၊ ပြာဋိဟာ** စသည့် ထူးခြားချက်များဖြစ်ပေါ်ခဲ့သောကြောင့်ဖြစ်သည်။

**ဓမ္မစကြာအစါတော်နေ့**

**သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံချို၊ လဝါဆို**

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓဟူး)နေ့တွင် ဂေါတမဘုရားရှင်အဖြစ် ရောက်တော်မူခဲ့သဖြင့် ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"** ဟု သတ်မှတ်ပူဇော်ခဲ့ကြသည်။

ထိုသို့ ဘုရားရှင်ဖြစ်တော်မူလာပြီး ဗောဓိမဏ္ဍိုင်အနီးတွင် ပလ္လင်္ကသတ္တာဟအစရှိသောအရပ်တို့၌ ခုနစ်ရက် ခုနစ်ဌာန သီတင်းသုံးတော်မူပြီးနောက် နောက်ဆုံးသတ္တာဟ(လင်းလွန်းပင်)မှ အထွက် ၄၉ ရက်မြောက်သောနေ့တွင် အလွန်နက်နဲလှသောတရားတော်၏သဘောကို သိမြင်တော်မူလာခဲ့သည်။ သို့သော် ထိုတရားတော်သည် ရာဂ၊ မောဟ ထူပြောလှသော ပုထုဇဉ်သတ္တဝါများအတွက် နားလည်သဘောပေါက်ရန်ခက်ခဲလွန်းသည်ကို မြတ်ဗုဒ္ဓက သိမြင်နေခဲ့သည်။ ထို့ကြောင့် **"သဟမ္ပတိဗြဟ္မာ"**က တရားဦးဟောကြားပေးပါရန် မြတ်ဗုဒ္ဓအား ပန်ကြားလျှောက်ထားခဲ့သည်။

မြတ်စွာဘုရားသည် "အဘယ်သူအား ဟောကြားအံ့နည်း"ဟု ဆင်ခြင်တော်မူရာ **"အာဠာရ ရသေ့နှင့် ဥဒကရသေ့"**တို့ကို မြင်တော်မူခဲ့သည်။ သို့သော် ထိုပုဂ္ဂိုလ်များကား စုတေ၍ အရူပဘုံသို့ရောက်သွားကြောင်း သိတော်မူသောကြောင့် ဗုဒ္ဓရစရိယာခြောက်နှစ်ကျင့်ခဲ့စဉ်က လုပ်ကျွေးခဲ့ဖူးကြသည့် **"ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနမ်၊ အဿဇိ"**စသည့် ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားတော်မူရန် ဆင်ခြင်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် ကာသိတိုင်း ဗာရာဏသီမြို့၏ မြောက်ဘက် ၁၈ ယူဇနာကွာဝေးရာ (ယခုအိန္ဒိယနိုင်ငံ ဥတ္တာပရာဒက်ရှိပြည်နယ်၊ ဆာရာနတ်သ်ဒေသ) ရှေးအခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းသက်ဆင်းရာနှင့် သမင်အပေါင်းတို့ကို ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီးတွင် ၃၅ နှစ်တိုင်တိုင် ဒုက္ခအမျိုးမျိုးနှင့်ရင်ဆိုင်ရကာ ဘုရားအဖြစ်နှင့် တရားအစစ်ကို နာကြားရန်စောင့်ကြိုနေကြသော ပဉ္စဝဂ္ဂီငါးပါးထံသို့ ကြွချီတော်မူပြီးနောက် ပါဠိကဗျာ၊ ဂါထာမဖတ်ဘဲ၊ ပါဠိစကားပြေ-စုဏ္ဏိယသက်သက်သော ဗျာကရိုဏ်းအပိုဒ်ပေါင်း ၃၀ ပါရှိသည့် ဓမ္မစကြာဒေသနာတော်ကြီးကို ဟောကြားတော်မူခဲ့သည်။

**"ဓမ္မ"**= သစ္စာလေးပါးအမှန်တရား၊ **"စက္က"**= အမှန်တရားအဖန်ဖန်အထပ်ထပ်လှည့်တတ်သော၊ **"ပဝတ္တန"** = ဖြစ်ခြင်း၊ **ဓမ္မစက္ကပဝတ္တန(ဓမ္မစကြာ)**ဆိုသည်မှာ သစ္စာလေးပါးအမှန်တရားကို စက်ကဲ့သို့ အဖန်ဖန်အထပ်ထပ် ဟောတော်မူသော တရားတော်ဟု အဓိပ္ပာယ်ရသည်။

ဓမ္မစကြာတရားတော်၏အနှစ်ချုပ်မှာ **"သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး"**ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးမှာ-

၁။ သမ္မာဒိဋ္ဌိ **(ကောင်းစွာမြင်ခြင်း)**
၂။ သမ္မာသင်္ကပ္ပ **(ကောင်းစွာကျင့်ကြံခြင်း)**
၃။ သမ္မာဝါစာ **(ကောင်းစွာဆိုခြင်း)**
၄။ သမ္မာကမ္မန္တ **(ကောင်းစွာပြုခြင်း)**
၅။ သမ္မာအာဇီဝ **(ကောင်းစွာအသက်မွေးခြင်း)**
၆။ သမ္မာဝါယမ **(ကောင်းစွာအားထုတ်ခြင်း)**
၇။ သမ္မာသတိ **(ကောင်းစွာအောက်မေ့ခြင်း)**
၈။ သမ္မာသမာဓိ **(ကောင်းစွာတည်ကြည်ခြင်း)**

ဟူ၍ဖြစ်သည်။

**"ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤရှစ်မည်"** ဟူသည်မှာ အမှားတရား(အစွန်းတရား)နှစ်ပါးနှင့် လွတ်ကင်းသော အလယ်အလတ်ကျင့်စဉ်အမှန်တရားဖြစ်သည်။

ဂေါတမမြတ်စွာဘုရားအဖြစ်နှင့် ပထမဦးစွာဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ကို စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း တစ်ရာ့ရှစ်ကုဋေနှင့် ပဉ္စဝဂ္ဂီငါးပါး စုစုပေါင်း တစ်ရာ့ရှစ်ကုဋေနှင့်ငါးပါးရှိသည်။ ဓမ္မစကြာတရားတော်ကို နာယူပြီးနောက် ပဉ္စဝဂ္ဂီငါးပါးအနက် ဝါဆိုလပြည့်နေ့တွင် **"အရှင်ကောဏ္ဍည"**၊ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် **"အရှင်ဝပ္ပ"**၊ ဝါဆိုလပြည့်ကျော် ၂ ရက်တွင် **"အရှင်ဘဒ္ဒိယ"**၊ ဝါဆိုလပြည့်ကျော် ၃ ရက်တွင် **"အရှင်မဟာနမ်"**၊ ဝါဆိုလပြည့်ကျော် ၄ ရက်တွင် **"အရှင်အဿဇိ"** တို့သည် **"သောတာပန်"** တည်တော်မူကြသည်။

မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် ၅ ရက်တွင် သောတာပန်တည်သွားကြသော ပဉ္စဝဂ္ဂီငါးပါးအား **"အနတ္တလက္ခဏသုတ်"** ဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူခဲ့ရာ ပဉ္စဝဂ္ဂီငါးပါးအသီးသီးသည် အာသဝေါကုန်ခန်း၍ **"ရဟန္တာကြီးများ"** ဖြစ်ကုန်ကြလေသည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓက တရားဦးဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူခဲ့သောနေ့ဖြစ်သဖြင့် **"ဓမ္မနေ့"**ဟုလည်းကောင်း၊ ထိုနေ့မှာပင် **"အရှင်ကောဏ္ဍည"**က အစပြု၍ ပဉ္စဝဂ္ဂီငါးပါးစလုံး ဧဟိဘိက္ခုရဟန်းများ ဖြစ်လာကြသဖြင့် **"သံဃာတော်နေ့"**ဟုလည်းကောင်း ဂုဏ်ပြုပူဇော်သတ်မှတ်ခဲ့ကြသည်။

**ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်**

ဝါဆိုလပြည့်နေ့၏ ထူးမြတ်ဂုဏ်ဒြပ်ကိုးရပ်မှာ-

၁။ ဂေါတမဘုရားလောင်း သန္ဓေတည်တော်မူသောနေ့ဖြစ်ခြင်း၊
၂။ ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊
၃။ ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသောနေ့ဖြစ်ခြင်း၊
၄။ တန်ခိုးပြာဋိဟာကိုပြတော်မူသောနေ့ဖြစ်ခြင်း၊
၅။ ဘုရားအဖြစ်ကို ဝန်ခံသောနေ့ဖြစ်ခြင်း၊
၆။ တရားရတနာပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊
၇။ သံဃာရတနာပေါ်ပေါက်သောနေ့ဖြစ်ခြင်း၊
၈။ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊
၉။ မြတ်ဗုဒ္ဓ၏ **"ဧဟိဘိက္ခု"**ဟူသောစကားကို စတင်ကြားရသောနေ့ဖြစ်ခြင်းဟူ၍ ဖြစ်သည်။

ထိုသို့သော ဂုဏ်ထူးဝိသေသများကြောင့် ဝါဆိုလပြည့်နေ့တိုင်းတွင် ဗုဒ္ဓဘာသာဝင်တိုင်းသည်ကျောင်းကန်ဘုရားများသို့သွားရောက်ကြပြီး ဝါဆိုပန်းများ၊ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ ဓမ္မစကြာတရားတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နာယူကြလေ့ရှိသည်။ ဤသည်မှာ ဝါဆိုလပြည့်နေ့ **(ဓမ္မစကြာအစါတော်နေ့)** ဆင်ယင်ကျင်းပခြင်းပင်ဖြစ်သည်။ မြို့ရွာရပ်ကွက်များတွင်လည်း **"ဓမ္မစကြာအသင်းများ"** ဖွဲ့စည်းကြကာ ဝါဆိုလပြည့်နေ့အပါအဝင် ဘာသာရေးအထိမ်းအမှတ်ပွဲများတွင် ဓမ္မစကြာဒေသနာတော်ကို ရွတ်ဆိုပူဇော်ကြလေ့ရှိသည်။

**လမြတ်ဝါဆို သဘာဝ**

**"နွေတာ၊ နွယ်တာ၊**
**နတ်လျှောင်းဖြာ၊ ဝါဆိုတွင်သကား၊**
**ရာသီကရကဋ်၊ ဓေါပဉတ်၊ ပွဲမြတ်ပဉ္စင်းထား၊**
**ဥတ္တရာသဠ်(ကြယ်ပြုဗွာသဠ်)၊ ဓနုးယှဉ်ဖြန်၊**
**ပန်းမာလ် ပုန်းညက်ကား။"**

**(အမည်မသိရှေးစာဆိုတစ်ဦးဖွဲ့-သံပေါက်)**

ဝါဆိုလဟူသော ဝေါဟာရတွင် ပါဠိစကားလုံး **"ဝါသ"**မှ **"ဝါ"**ဖြစ်လာပြီး **"နေခြင်း"**အနက်ရသည်။ **"ဆို"**မှာ **"ရွတ်ဆိုခြင်း"**ဖြစ်သည်။ ဝါဆို၏ အနက်အဓိပ္ပာယ်မှာ **"နေထိုင်ခြင်း၊ ရွတ်ဆိုခြင်း"**ဖြစ်သည်။

ဗုဒ္ဓသာသနာတော်မှ ရဟန်းသံဃာတော်များသည် ဝိနည်းတော်နှင့်အညီ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလပတ်လုံး တစ်ရပ်တစ်ပါးသို့ မကြွကြဘဲ တစ်ကျောင်းတစ်နေရာတည်းတွင်သာ သီတင်းသုံးပါမည်ဟု မြတ်စွာဘုရားရှင်ရှေ့တွင် ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ဝါကပ်ကြသည်ကို ရည်ရွယ်ပြီး **"ဝါဆိုလ"**ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ဝါဆိုလ၊ ဝါတွင်းကာလတွင် **"ဝါဝင်၊ ဝါကပ်၊ ဝါပြတ်၊ ဝါကျိုး၊ ဝါပန်၊ ဝါကျွတ်"**ဟူသောဝေါဟာရများလည်း ပေါ်ထွက်လာခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာများ၌ ဝါဆိုလကို **"မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာ"**ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ကမ္ပည်းရေးထိုးခဲ့ကြသည်။ **"မြွယ်တာ၊ နွယ်တာ၊ နွေတာနှင့် မလွယ်တာ"**တို့မှ ရွေ့လျားလာခြင်းဖြစ်ကြောင်း၊ **"မြွယ်"**=လယ်မြေ။ **"တာ"**=တိုင်းတာခြင်း၊ အပိုင်းအခြား၊ ကူးပြောင်းခြင်း၊ လယ်မြေများကိုတိုင်းတာသော အခါသမယဟုအနက်ရသည်။ ထို့ပြင် **"နွေ"**= နွေရာသီ။ **"တာ"(အတီတ)**=လွန်လေပြီးသောလ။ **နွေတာလ(နွယ်တာလ)**မှာ နွေရာသီမှ လွန်ခဲ့ပြီးသော မိုးအခါကာလ၊ နွေမှမိုးသို့ ကူးပြောင်းသောလဟုလည်း ဆိုကြသည်။

ထူးခြားမွန်မြတ်လှသည့် ဂုဏ်ထူးဝိသေသများနှင့်ပြည့်ဝနေသည့် လမြတ်ဝါဆို၏ ရာသီအမည်က **"ကရကဋ်"**၊ စန်းပြည့်နက္ခတ်က **"ပြုဗ္ဗာသဠ်"**၊ ယှဉ်တာရာက **"ချိုင်းတာရာ"**၊ ရာသီရုပ်က **"ပုစွန်လုံး"**၊ ရာသီပန်းက **"ပုန်းညက်ပန်း"**၊ ရာသီပွဲက **"ပဉ္စင်းခံပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"ကနဒိုပင်၊ ကဝေရကွပင်"**၊ ရက်ရာဇာက **"တနင်္ဂနွေ၊ ဗုဒ္ဓဟူး"**၊ ပြဿဒါးက **"အင်္ဂါ၊ ရာဟု"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

**ဝါဆိုလပန်းမြတ်မာလာ**

**"ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှုတယ်လေး"**ဟု **"မဟာအတုလမင်းကြီး"**က လွမ်းချင်းဖွဲ့ခဲ့သလို **"စာဆိုဦးပုည"**ကလည်း **"ရဝေကြေဘုံလယ်မှာ၊ ယဉ်စံပယ်ပင်ကို ထွားငယ်တို့၊ မြိတ်ဖားလျားဆံကေသာ၊ ရုံးတင်တင်လို့သာ၊ ပုန်းညက်ပွင့်မာလာငယ်၊ ဆင်တော်ရာပန်းပေရှင့်လေး"**ဟု တေးထပ်စပ်ဆိုခဲ့ကြသည်။ ထို့ပြင် စာဆိုအသီးသီးကလည်း **"တောတောင်မောင်နက်၊ နတ်လျှောင်းရက်မှာ၊ ပုန်းညက်မာလာ၊ ငုံရိုင်းကာနှင့်"**ဟုတစ်မျိုး၊ **"ပုန်းညက်ညွန့်၊ ငွေရိုင်ငယ် လေယိုင်ရာတိမ်းတဲ့ရတု"**ဟု တစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။ ထို့ကြောင့် **"ပုန်းညက်ပန်း"**သည် ဝါဆိုလ၏ ပန်းမြတ်မာလာဖြစ်သည်။ ဝါဆိုလပြည့်ဝန်းကျင်တွင် ကုသိုလ်ထူးရည်စူးလှူဒါန်းကြသော အခြားပန်းမျိုးစုံကိုကား **"ဝါဆိုပန်း"** ဟု ခေါ်ဆိုခဲ့ကြသည်။

ကောင်းမှုအထိုထိုနှင့် ပြည့်စုံနေသောလမြတ်ဝါဆိုသည်ကား မြန်မာ့ဆယ့်နှစ်လရာသီထဲတွင် ထူးကဲမွန်မြတ်လှပါသည်။

**ကိုးကား**


- **ဦးသြဘာသ၏ ဗုဒ္ဓယဉ်ကျေးမှုလာထုံးတမ်းဓဉ်ဓလေ့အစါတော်နေ့များ**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်ဓပ်လျှဉ်း၍**
- **ဝိသနကုက(ပဲခူး)၏ မြန်မာ့ဆယ့်နှစ်လရာသီပွဲ**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## တို့တာဝန် တို့လမ်းစဉ်

- ကမ္ဘည်းကျောက်စာ ရေးထိုးကာဖြင့်
ပါရာအသက် တိုင်းပြည်အတွက်ဟု
ပေးဆပ်လေကြောင်း သူရဲကောင်းမှာ
ထွန်းပြောင်အမည် ကျန်ရှိသည်မို့
တည်ကြည်စိတ်ဓာတ် မွန်မြတ်၏။

- တို့သွေးချင်းများ စုစည်းအားဖြင့်
တည်ထားသမှု ပြည်ထောင်စုဟု
တည်ပြုလို့ကျော် တပ်မတော်သည်
ရည်မျှော်ကြိုးစား အားဆယ်ပါးဖြင့်
များပြားတိုက်ပွဲ အနိုင်နွှဲသည်
ယှဉ်တွဲသတ္တိရှိပေ၏။

- သစ္စာလေးချက် ဦးထိပ်ရွက်လို့
လေးနက်သေချာ ထမ်းဆောင်ကာဖြင့်
မြန်မာတိုင်းပြေ(ပြည်) ငြိမ်းချမ်းစေဟု
ရေမြေအလှတရား ကာကွယ်ထားသည်
စစ်သားဂုဏ်ရည် မီပေ၏။

- ယုံကြည်ချက်များ ခံယူထား၍
ပွားများမေတ္တာ စေတနာဖြင့်
ပြည်ရွာအကျိုး စဉ်သယ်ပိုးလို့
အားကိုးပြည်သူ လွန်ကြည်ဖြူသည်
ဂုဏ်ယူစရာကောင်းသည်တကား။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

# ယခုလအတွင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု ခွင့်ပြုပေးခဲ့

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်သား ၆၁၇ ဦးခန့်ကို အလုပ်အကိုင်အခွင့်အလမ်းသစ်ဖော်ထုတ်ပေးနိုင်မည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ယခုလအတွင်း ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းအမျိုးအစားမှာ ဟိုတယ်လုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါဟိုတယ်လုပ်ငန်းသည် လုပ်သား ၆၁၇ ဦးကို အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၇/၂၀၂၃)ကနေ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုကို ခွင့်ပြုပေးလိုက်တာ ဖြစ်ပါတယ်။ အတည်ပြုပေးလိုက်တဲ့လုပ်ငန်းရဲ့ ရင်းနှီးမြှုပ်နှံမှု မတည်ငွေပမာဏကတော့ မြန်မာကျပ်ငွေ ၅၉၇၀ ဒသမ ၂၃၉ သန်းဖြစ်ပြီး ပြည်တွင်းမှာ လုပ်သား ၆၁၇ ယောက်ကို အလုပ်အကိုင် ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ လည်ပတ်ဆဲလုပ်ငန်းတွေကနေ လုပ်သားအင်အား ၁၈၀၂ ယောက် တိုးမြှင့်ပြီးတော့ အလုပ်အကိုင်ဖန်တီးပေးမဲ့လုပ်ငန်းတွေကိုလဲ ခွင့်ပြုပေးခဲ့ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဦးက ပြောပြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ဇူလိုင်လ တစ်လတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်များ အပါအဝင် လည်ပတ်လျက်ရှိသည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့်ခြင်း၊ လုပ်သားအင်အားတိုးမြှင့်ခြင်းတို့ ခွင့်ပြုပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ ASH



ရန်ကုန်တိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဟိုတယ်တစ်ခုကို တွေ့ရစဉ်။

# နတ်မောက်မြို့နယ် ဥသျှစ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက ဥသျှစ်မျှောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းတာဝန်ခံများထံ ငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥသျှစ်မျှောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကိုစတုတ္ထအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိတွင် ကျေးရွာပေါင်း ၄၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က ပြောပြ၍ သိရသည်။

**သူသူ(နတ်မောက်)**

# မက်မန်းမြို့နယ် နမ့်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**မက်မန်း ဇူလိုင် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်တော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနွယ်ထွေးက လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်ထံမှ သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

**အင်ကာရာ ဇူလိုင် ၂၇**

တရုတ်နိုင်ငံခြားရေး ဝန်ကြီးသစ် ဝမ်ယိသည် ဇူလိုင် ၂၆ ရက်တွင် တူရကီနိုင်ငံခြားရေးဝန်ကြီး ဟာကန်မိုင်ဒန်နှင့် အင်ကာရာမြို့၌တွေ့ဆုံ၍ ယူကရိန်းပြဿနာဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ကာရာမြို့သို့ရောက်ရှိနေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် ဝမ်ယိသည် တူရကီသမ္မတအာဒိုဂန်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၆ ရက် ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခနောက်ဆုံးအခြေအနေများနှင့် ကမ္ဘာ့ဘဏ္ဍာရေးပြဿနာများ အပါအဝင် အကြောင်းအရာ အများအပြား ဆွေးနွေးခဲ့ကြကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

တူရကီခရီးစဉ်သည် တရုတ်ထိပ်တန်းသံတမန် ဝမ်ယိအတွက် နိုင်ငံခြားရေးဝန်ကြီးရာထူးရယူပြီးနောက် ပထမဆုံးပြည်ပခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးရာထူးရယူခဲ့သော ချင်ကန်းကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ထိပ်တန်းသံတမန်ဝမ်ယိကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဇူလိုင် ၂၅ ရက်တွင် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဝမ်ယိသည် ၂၀၁၃ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်ထိ တရုတ်နိုင်ငံခြားရေးဝန်ကြီးတာဝန်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံ၌ ဗီဒီယိုဂိမ်းကစားသူဦးရေ ၆၆၈ သန်းထိ စံချိန်တင်မြင့်တက်လာ



**ပေကျင်း ဇူလိုင် ၂၇**

တရုတ်နိုင်ငံသား ဗီဒီယိုဂိမ်းကစားသူဦးရေသည် ၆၆၈ သန်းထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း တရုတ်အစိုးရ ဗီဒီယိုဂိမ်းလုပ်ငန်းများအသင်း၏ အစီရင်ခံစာကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစိုးရ၏ ကန့်သတ်ထိန်းချုပ်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ကမ္ဘာ့အကြီးဆုံးဗီဒီယိုဂိမ်းဈေးကွက်ဖြစ်သည့် တရုတ်ဗီဒီယိုဂိမ်းဈေးကွက် ပြန်လည်အားကောင်းလာစဉ် ဂိမ်းကစားသူဦးရေ စံချိန်တင်မြင့်တက်လာခြင်းဖြစ်သည်။

ယခုနှစ် ဇွန်လကုန်ပိုင်းထိ ရရှိထားသောအချက်အလက်များအရ တရုတ်ပြည်တွင်း၌ ဗီဒီယိုဂိမ်းကစားသမားဦးရေမှာ ၆၆၈ သန်းထိရှိလာခဲ့ရာ တရုတ်လူဦးရေစုစုပေါင်း၏ ထက်ဝက်ခန့်ထိရှိခဲ့ကြောင်း တရုတ်ဗီဒီယိုဂိမ်း လုပ်ငန်းများအသင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထို့ပြင် တရုတ်ဗီဒီယိုဂိမ်းဈေးကွက်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ရောင်းအားဝင်ငွေ ယွမ်ငွေ ၁၄၄ ဒသမ ၂၆၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၃ ဘီလီယံ)ထိရှိခဲ့ကြောင်း အဆိုပါ အစီရင်ခံစာ၏ အဆိုအရသိရသည်။

တရုတ်အစိုးရသည် ဗီဒီယိုဂိမ်းစွဲမှုပြဿနာကို ဖြေရှင်းရေးအတွက် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ရှစ်လတာကာလအတွင်း ဗီဒီယိုဂိမ်းသစ်များအတည်ပြုပေးမှုကို ရပ်ဆိုင်းထားခဲ့သည်။

သို့သော် တရုတ်တာဝန်ရှိသူများသည် ယခုနှစ်အတွင်း တစ်လလျှင် ဗီဒီယိုဂိမ်းသစ် ၉၀ ထိအတည်ပြုပေးခဲ့ကြောင်း သိရသည်။KKO

## မြောက်ကိုရီးယားစစ်လက်နက်ပြပွဲသို့ ရုရှားကာကွယ်ရေးဝန်ကြီး တက်ရောက်



**ပြုံယမ်း ဇူလိုင် ၂၇**

မြောက်ကိုရီးယား နိုင်ငံသို့ရောက်ရှိနေသည့် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့်အတူ ပြုံယမ်းမြို့၌ကျင်းပသည့် မြောက်ကိုရီးယား စစ်လက်နက်ပြပွဲသို့ တက်ရောက်ကြည့်ရှုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်တစ်ဦး ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ကိုရီးယား ကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု နှစ် ၇၀ ပြည့် အခမ်းအနားအတွက် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလျက်ရှိသည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့သည့် ပထမဆုံးရုရှားကာကွယ်ရေးဝန်ကြီးဖြစ်သည်။

ကိုရီးယား ကျွန်းဆွယ်စစ်ပွဲပြီးဆုံးမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်စစ်လက်နက် ပစ္စည်းပြပွဲတွင် မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂကပိတ်ပင်ထားသည့်ချူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သော ဒုံးကျည်များကိုလည်း ပြသခဲ့ကြောင်း သိရသည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ရုရှားသမ္မတပူတင်ကတစ်ဆင့် ပေးထားသောပေးစာတစ်စောင်ကိုလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံသို့ ပေးအပ်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီး၏ ယခုခရီးစဉ်သည် မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေမည့်ခရီးစဉ်ဖြစ်သည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ဘရစ်အုပ်စုအားကစားပြိုင်ပွဲကို လာမည့်နှစ်တွင်ကျင်းပရန် ရုရှားနိုင်ငံ စီစဉ်

**မော်စကို ဇူလိုင် ၂၇**

ဘရစ်အုပ်စု (BRICS) နိုင်ငံများအတွက် အားကစားပြိုင်ပွဲတစ်ပွဲကို လာမည့်နှစ်တွင် ကျင်းပရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရစ်အုပ်စု အားကစားပြိုင်ပွဲကျင်းပရေးအစီအစဉ်ကို ရုရှားအားကစားဝန်ကြီးဌာန ဝန်ကြီး အိုလက်ဇ်မာတီစင်က စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် ရုရှား-အာဖရိက ထိပ်သီးညီလာခံတွင် အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှား အားကစားဝန်ကြီး၏ အဆိုအရ ဘရစ်အုပ်စုအားကစားပွဲတော်ကို လာမည့်နှစ် ဇွန်လတွင် ရုရှားနိုင်ငံ အနောက်တောင်ပိုင်း ကာဇန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအားကစားပွဲတော်သို့ ဘရစ်အုပ်စုဝင် နိုင်ငံများဖြစ်ကြသည့် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိက အားကစားအဖွဲ့များကို ဖိတ်ကြားမည်ဖြစ်ကြောင်း ရုရှားအားကစားဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ဘရစ်အုပ်စု အားကစားပွဲတော်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကမ္ဘာ့အိုလံပစ်အားကစားပွဲတော် မကျင်းပမီ တစ်လအလိုတွင် ကျင်းပရန် စီစဉ်ထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပြဿနာကို အကြောင်းပြု၍ နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးများ၌ ပါဝင်ခွင့်ပိတ်ပင်ခံထားရကြောင်း သိရသည်။

KKO

## ရာဇဝတ်ဂိုဏ်းဝင်များကို အစုလိုက်အပြုံလိုက်တရားစီရင်ရန် ဥပဒေစည်းမျဉ်းသစ်များ အယ်လ်ဆာဗေဒိုးလွှတ်တော်အတည်ပြု

**ဆန်ဆာဗေဒိုး ဇူလိုင် ၂၇**

ရာဇဝတ် ဂိုဏ်းဝင်များအဖြစ် ယူဆရသူများကို အစုလိုက်အပြုံလိုက် တရားစီရင်နိုင်ရေးအတွက် ဥပဒေစည်းမျဉ်းသစ်များကို အယ်လ်ဆာဗေဒိုးလွှတ်တော်က ဇူလိုင် ၂၆ ရက်တွင် အတည်ပြုခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါစည်းမျဉ်းဥပဒေသစ်များအရ အယ်လ်ဆာဗေဒိုးတရားရုံးများအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသော ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူများကို အစုလိုက်အပြုံလိုက်တရားစီရင်နိုင်မည်ဖြစ်သည်။

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုပြဿနာဖြေရှင်းရေးအစီအစဉ်အရ ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူများကို မြန်ဆန်စွာ တရားစီရင်နိုင်ရေးအတွက် အယ်လ်ဆာဗေဒိုးလွှတ်တော်က ရာဇဝတ်ဥပဒေများကို ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။



အယ်လ်ဆာဗေဒိုးအစိုးရသည် ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုပြဿနာဖြေရှင်းရေးအစီအစဉ်အရ ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူထောင်ပေါင်းများစွာကိုဖမ်းဆီးထိန်းသိမ်းထားသည်။


အယ်လ်ဆာဗေဒိုး အစိုးရက ဖမ်းဆီးထားသည့် ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူအရေအတွက်မှာ ၇၁၉၇၆ ဦးထိရှိခဲ့ရာ နိုင်ငံလူဦးရေစုစုပေါင်း၏ တစ်ရာခိုင်နှုန်းနှင့် ညီမျှသည်။

အယ်လ်ဆာဗေဒိုး လွှတ်တော်၏ ရာဇဝတ် ဥပဒေသစ်များတွင် ရာဇဝတ်ဂိုဏ်း ခေါင်းဆောင်များ အားချမှတ်နိုင်သော ထောင်ဒဏ်ကို ၄၅ နှစ်မှ နှစ် ၆၀ ထိ မြှင့်တင်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ဟူစတန်မြေပြင်ထိန်းချုပ်ရေးစခန်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် နိုင်ငံတကာအာကာသစခန်း(ISS) အဆက်အသွယ်ယာယီပြတ်တောက်ခဲ့



**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟူစတန်မြေပြင်ထိန်းချုပ်ရေးစခန်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် နိုင်ငံတကာအာကာသစခန်း (ISS) နှင့် အဆက်အသွယ်ယာယီပြတ်တောက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက် တွင် ရေးသားတင်ပြထားသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဟူစတန်မြေပြင်ထိန်းချုပ်ရေးစခန်းနှင့် နိုင်ငံတကာ အာကာသစခန်းတို့ကြား ယာယီအဆက်အသွယ်ပြတ်တောက်မှုမှာ ဇူလိုင် ၂၅ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နာဆာအဖွဲ့အနေဖြင့် ရုရှားအာကာသအေဂျင်စီ ဆက်သွယ်ရေးစနစ်များဖြင့် နိုင်ငံတကာ အာကာသစခန်းနှင့်အဆက်အသွယ် ဆက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်ပြီးနောက် မိနစ် ၉၀ အတွင်းမှာပင် နာဆာနှင့် နိုင်ငံတကာအာကာသစခန်းတို့ကြား တိုက်ရိုက် ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထားရှိနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ထိုသို့ နာဆာနှင့်နိုင်ငံတကာအာကာသစခန်းတို့ကြား ယာယီအဆက်အသွယ် ပြတ်တောက်မှုသည် ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နာဆာနှင့်နိုင်ငံတကာအာကာသစခန်းတို့ကြား ယာယီအဆက်အသွယ်ပြတ်တောက်မှုသည် အာကာသစခန်းကြောင့်မဟုတ်ဘဲ မြေပြင်၌ပေါ်ပေါက်ခဲ့သော ပြဿနာကြောင့်ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။ KKO

## နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်တစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ၂၀၂၅ ခုနှစ် နှစ်ကုန် သို့မဟုတ် ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် လွှတ်တင်ရန် နာဆာစီစဉ်

**ဝါရှင်တန် ဇူလိုင် ၂၇**

နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်တစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ၂၀၂၅ ခုနှစ်နှစ်ကုန် သို့မဟုတ် ၂၀၂၆ ခုနှစ်နှစ်စပိုင်းတွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

DRACO ဟူ၍အမည်ပေးထားသော အဆိုပါမစ်ရှင်ဖြင့် နျူကလီးယားတွန်းကန်အားစနစ်ကို အာကာသဟင်းလင်းပြင်အတွင်း စမ်းသပ်ရန် ရည်ရွယ်ထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



DRACO နျူကလီးယားစွမ်းအင်သုံး အာကာသယာဉ်ကို လော့ခ်ဟိဒ်မာတင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

DRACO မစ်ရှင်ကို အမေရိကန် ကာကွယ်ရေးသုတေသနစီမံကိန်းများအေဂျင်စီ (DARPA) က ၂၀၂၀ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် နာဆာအဖွဲ့လည်း ပူးပေါင်းပါဝင်လာခဲ့သည်။

နာဆာအဖွဲ့သည် ရှေးယခင်ကပင် နျူကလီးယားတွန်းကန်အားစနစ် (NTP) ကို စိတ်ဝင်စားခဲ့သော အာကာသအေဂျင်စီဖြစ်ကြောင်း သိရသည်။

KKO

## Crew-7 အမည်ရှိမစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူးလေးဦး ပို့ဆောင်ပေးမည့်အစီအစဉ်ကို ဩဂုတ် ၁၇ ရက်သို့ ရွှေ့ဆိုင်းထား

**ဝါရှင်တန် ဇူလိုင် ၂၇**

Crew-7 အမည်ရှိမစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသယာဉ်မှူးလေးဦး ပို့ဆောင်ပေးမည့်အစီအစဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီက ဩဂုတ် ၁၇ ရက်သို့ရွှေ့ဆိုင်းထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် မူလက Crew-7 မစ်ရှင်ကို ဩဂုတ် ၁၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် မိမိတို့အနေဖြင့် Crew-7 မစ်ရှင်ကို ဩဂုတ် ၁၇ ရက်၌ပင် လွှတ်တင်ရန် စီစဉ်ထားကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew-7 မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦး လိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်တွင် စီစဉ်ထားသည့်အတိုင်း လွှတ်တင်နိုင်ခဲ့ပါက အဆိုပါအာကာသလူသယ်ယာဉ်သည် ဩဂုတ် ၁၈ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်ဆိုက်ရောက်ပြီးနောက် နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ Crew-6 မစ်ရှင် အာကာသယာဉ်မှူးများသည် ဩဂုတ် ၂၅ ရက်တွင် ကမ္ဘာပေါ်ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## ဆာရိုက်ဆစ်လူနာများ၏ ရောဂါအတိုင်းအဆကို ဗီတာမင်-ဒီဖြည့်ပေးခြင်းဖြင့် လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၇**

ဆာရိုက်ဆစ် (Psoriasis) ခေါ် အရေပြားရောဂါပုံစံတစ်မျိုး ခံစားနေရသည့် လူနာများ၏ရောဂါအတိုင်းအဆကို ဗီတာမင်-ဒီဖြည့်ဆည်းပေးခြင်းဖြင့် လျှော့ချနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဘရောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးအတွင်း ဗီတာမင်-ဒီ ပါဝင်မှုအဆင့်သည် ဆာရိုက်ဆစ်ရောဂါ အတိုင်းအဆအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။

ဆာရိုက်ဆစ်ရောဂါဖြစ်ပွားပါက အရေပြားဆဲလ်များ ထူအမ်းလာပြီး ခြောက်သွေ့ယားယံတတ်သော၊ တစ်ခါတစ်ရံ နာကျင်တတ်သော အရေပြားအကွက်အပြောက်များ ပေါ်လာတတ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာချက်အရ ဗီတာမင်-ဒီပါဝင်သည့် အစားအစာများနှင့် ဗီတာမင်-ဒီ အားဖြည့်ဆေးများ သုံးစွဲခြင်းဖြင့် ဆာရိုက်ဆစ်ရောဂါ အတိုင်းအဆကို လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် ဆာရိုက်ဆစ်လူနာ ဦးရေ ၅၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်-ဒီ ချို့တဲ့မှုပြဿနာသည် ဆာရိုက်ဆစ်ရောဂါအခြေအနေ တိုးလာမှုနှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## အချိန်ဖြင့်အစားစားသုံးမှုကို ကန့်သတ်ခြင်းက ပုံစံ-၂ ဆီးချိုလူနာများ ကိုယ်အလေးချိန်လျှော့ချနိုင်

**နယူးယောက် ဇူလိုင် ၂၇**

အချိန်ကာလအပိုင်းအခြားသတ်မှတ်၍ အစားစားသုံးမှုကို ကန့်သတ်ထားခြင်းဖြင့် ပုံစံ-၂ ဆီးချိုလူနာများ ကိုယ်အလေးချိန်လျှော့ချနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မွန်းလွဲပိုင်းနှင့် ညရှစ်နာရီကြားအတွင်း အစားအစာစားသုံးသူ ပုံစံ-၂ ဆီးချိုလူနာများတွင် ကယ်လိုရီတွက်ချက် စားသုံးသူများထက် ကိုယ်အလေးချိန် ပို၍ကျဆင်းသွားတတ်ကြောင်း သိရသည်။

သို့ရာတွင် မွန်းလွဲပိုင်းနှင့် ညရှစ်နာရီကြားတွင်သာ အစားစားသုံးမှုနည်းလမ်းနှင့် ကယ်လိုရီတွက်ချက်စားသုံးမှုနည်းလမ်းနှစ်ခုစလုံးမှာ ပုံစံ-၂ ဆီးချိုလူနာများ ကိုယ်အလေးချိန်လျှော့ချရေးအတွက် အကျိုးပြုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့သော် ကယ်လိုရီကိုတွက်ချက်စားသုံးမှုနည်းလမ်းမှာ ရေရှည်လိုက်နာရန် ခက်ခဲသည့်နည်းလမ်းမျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ပုံစံ-၂ ဆီးချိုလူနာများ ကိုယ်အလေးချိန်လျှော့ချမည်ဆိုလျှင် အချိန်အကန့်အသတ်ဖြင့် အစားစားသုံးမှုနည်းလမ်းမှာ အကောင်းဆုံးနည်းလမ်း ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၈၀ ကြား ပုံစံ-၂ ဆီးချိုလူနာ ၇၅ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ခံစစ်ကစားသမားအကီကို စာချုပ်သက်တမ်းတိုးရန် မန်စီးတီးအသင်း သဘောတူညီမှုရရှိ

**မန်ချက်စတာ ဇူလိုင် ၂၇**

မန်စီးတီးအသင်းသည် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား အကီကို စာချုပ်သစ်ချုပ်ဆိုရန် လုပ်ခလစာတိုးမြှင့်၍ ကမ်းလှမ်းခဲ့ရာ ကစားသမားနှင့်သဘောတူညီမှုရရှိခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိခံစစ်ကစားသမားအကီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာရကစားသမားများပြားနေသည့် မန်စီးတီးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်ခဲ့ပြီး အသင်းကို အဓိကဆုဖလားသုံးလုံးရရှိအောင် ကူညီပေးနိုင်ခဲ့သောကြောင့် နည်းပြဂွါဒီယိုလာက ၎င်းကိုဆက်လက်ထိန်းသိမ်းရန်ဆုံးဖြတ်ခဲ့ပြီး စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အစောပိုင်းက ချဲလ်ဆီးအသင်းက အသင်းမှထွက်ခွာရန်ဆန္ဒရှိနေသည့် ခံစစ်ကစားသမား အကီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ ဖြင့်ခေါ်ယူရန်ကြိုးပမ်းနေသဖြင့် ဂွါဒီယိုလာက ချဲလ်ဆီးအသင်းမှ ကူကူရယ်လာကို ပြန်လည်ခေါ်ယူရန် စီစဉ်ခဲ့သော်လည်း အပြောင်းအရွှေ့မဖြစ်ခဲ့သောကြောင့် ယခုအခါ အကီနှင့်ဆွေးနွေးမှုများပြုလုပ်၍ လုပ်ခလစာတိုးမြှင့်ကာ ကာလရှည်စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ဗဟိုခံစစ်ပိုင်းမှ လာပေါ်တီကို အသင်းမှထွက်ခွာခွင့်ပြုထားပြီး ကစားသမားအနေဖြင့် စပိန်လာလီဂါသို့ ပြောင်းရွှေ့ရန် စီစဉ်နေသကဲ့သို့ လိုက်ပ်ဇစ်အသင်းမှ ခံစစ်ကစားသမား ဂါဗာဒီယိုသည်လည်း မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန် မရေရာတော့သောကြောင့် အကီသည် ဗဟိုခံစစ်ပိုင်းကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အသင်းပရိသတ်များကလည်း အကီကို အသင်းတွင် ဆက်လက်ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဘရိုက်တန်အသင်းက ဗီအိုရင်တီးနားအသင်းခံစစ်ကစားသမားအီဂေါကို ပြောင်းရွှေ့ကြေး ယူရို ၁၇သန်းဖြင့်ခေါ်ယူ၍ လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ပြင်သစ်ကလပ် လိုင်ယွန်အသင်းက ဆောက်သမ်တန်ကစားသမား ကာလီတာကာကို ပြောင်းရွှေ့ကြေး ယူရို လေးသန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် အိမ်ရှင်သြစတြေးလျအသင်းသည် နိုင်ဂျီးရီးယားအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှကျော်ဖြတ်နိုင်ရန် ရုန်းကန်ရမည်ဖြစ်ကြောင်း သိရသည်။
- ရာသီကြိုခြေစမ်းပွဲကစားမည့် စင်ကာပူခရီးစဉ်တွင် လီဗာပူးအသင်းမှ အယ်ကန်တာရာ ဒဏ်ရာပြဿနာကြောင့် လိုက်ပါခဲ့ခြင်းမရှိကြောင်း သိရသည်။

ML

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို ပွဲစကတည်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၃၀ တွင် ဇင်မိုးပြည့်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာ၊ ဂိုးပေါက်ခြမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး Young Lionesses အသင်းအနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်း တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့သော်လည်း ပွဲချိန် ၅၄ မိနစ်တွင် ပန်းအိန္ဒယ်၊ ပွဲချိန် ၈၅ မိနစ်တွင် ယွန်းဝတီလှိုင်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများဆက်လက်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက Young Lionesses အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးနိုင်ပွဲစတင်ရယူနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဇင်မိုးပြည့်က ရရှိခဲ့ကြောင်း သိရသည်။

STA

## ဘာစီလိုနာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက မေဂျာလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဟု ပက်ထရီ ပြောကြား

**ဘာစီလိုနာ ဇူလိုင် ၂၇**

ဘာစီလိုနာအသင်းမှ ကစားသမားဟောင်းများ ဖြစ်သည့် တိုက်စစ်မှူးမက်ဆီ၊ကွင်းလယ်ကစားသမား ဘက်စ်ကွက်နှင့် ခံစစ်ကစားသမား ဂျော်ဒီအလာဘာတို့ယခုလအစောပိုင်းက မေဂျာလိဂ်ကလပ်အင်တာမီယာမီအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် လူငယ်ကစားသမားပက်ထရီက အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိကွင်းလယ်ကစားသမား ပက်ထရီသည် ဘာစီလိုနာအသင်းနှင့် ၂၀၂၀ ပြည့်နှစ်ကစတင်ပူးပေါင်းခဲ့ပြီးနောက် လက်ရှိတွင် အသင်းနှင့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက အမေရိကန်မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ် ကစားသမားပက်ထရီက "မေဂျာလိဂ်ပြိုင်ပွဲတွေကို ကြည့်ရတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ပြီးတော့ အဲဒီမှာ ကစားသမားဘဝနဲ့ နေထိုင်ရတာဟာ အရမ်းကိုပျော်စရာကောင်းမှာပါ။ အဲဒီမှာရှိတဲ့ မြို့ကြီးတွေဟာလဲ အံ့သြစရာကောင်းပြီး စိတ်ဝင်စားစရာတွေ ပြည့်နှက်နေပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘာစီလိုနာနဲ့ စာချုပ်သက်တမ်းကုန်ရင် ပြောင်းရွှေ့မှာဖြစ်ပြီး ဆုံးဖြတ်ချက်ချဖို့လဲ တွေဝေနေမှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်က ဘာစီလိုနာအသင်းသို့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၁၀၉ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်တွင် လူငယ်အကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း လာလီဂါပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်၍ အသင်းကို ဆုဖလားဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ML

## ကွင်းလယ်ကစားသမားအစ္စကို ဘက်တစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိ

**မက်ဒရစ် ဇူလိုင် ၂၇**

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ဆီဗီလာအသင်းနှင့်နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းခဲ့သည့် ကွင်းလယ်ကစားသမား အစ္စကိုသည် လာလီဂါပြိုင်ဘက် ဘက်တစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ပြီး တစ်နှစ်သက်တမ်းစာချုပ်ချုပ်ဆိုခဲ့ကြောင်း Reuters.com က ယနေ့တွင်ဖော်ပြခဲ့သည်။

အစ္စကိုသည် ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလက ရီးရဲလ်မက်ဒရစ်အသင်းမှ ဆီဗီလာအသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီးနောက် နည်းပြဆမ်ပါအိုလီလက်အောက်တွင် ပုံစံကောင်းပြသရန် ရုန်းကန်ခဲ့ရပြီး ပွဲထွက်ခွင့်နည်းပါးခဲ့သည့်အပြင် ဆမ်ပါအိုလီကလည်း ကစားသမားအနေဖြင့် မျှော်လင့်ထားသည့် ပုံစံကောင်းများ မရှိတော့ကြောင်း ပြောကြားခဲ့ပြီးနောက် အသင်းနှင့်နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည်။

သို့သော် နည်းပြပယ်လီဂရီနီ တာဝန်ယူနေသည့် ဘက်တစ်အသင်းက လာမည့်ဘောလုံးရာသီတွင် ဥရောပပြိုင်ပွဲကစားရမည်ဖြစ်သောကြောင့် ပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသည့် အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမားအစ္စကို ကိုခေါ်ယူရန်ဆုံးဖြတ်ခဲ့ကာ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။




အစ္စကိုသည် ဆီဗီလာအသင်းနှင့် ပြိုင်ပွဲစုံ ၁၉ ပွဲသာ ပါဝင်ကစားခွင့်ရခဲ့ပြီး သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းတွင် ပြိုင်ပွဲစုံ ၃၅၃ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၅၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား ငါးကြိမ်၊ စပိန်လာလီဂါဆုဖလား သုံးကြိမ်၊ ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံဖလား လေးကြိမ်၊ အခြားပြည်တွင်းဖလား ခုနစ်ကြိမ်အပါအဝင် ဆုဖလားစုစုပေါင်း ၁၉ ကြိမ်ထိ ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝအောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

ML

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ (အမျိုးသား၊အမျိုးသမီး) အုပ်စုနောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်ကစား

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့ဖူဆယ်အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ် ကျင်းပလျက်ရှိနေသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)အုပ်စု နောက်ဆုံးပွဲစဉ်များကို ယနေ့ နံနက် ၇ နာရီမှ စတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။



ဦးစွာ အမျိုးသမီးပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့ကြသည်။

အလားတူ အမျိုးသားပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော် ကောင်စီနယ်မြေအသင်းက ကယားပြည်နယ်အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြပြီး ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ပွဲစဉ်တွင် လေးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# ရန်ကုန်ယူနိုက်တက်အသင်းက နည်းပြသစ်အဖြစ် ဂျတ်ဇီကို ခန့်အပ်

**ရန်ကုန် ဇူလိုင် ၂၇**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက် အသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြဟောင်း တစ်ဦးဖြစ်သည့် ဂျာမနီနိုင်ငံသားဂျတ်ဇီကို ခန့်အပ်ခဲ့ကြောင်း ရန်ကုန်ယူနိုက်တက်အသင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းက ပြည်တွင်းနည်းပြ တစ်ဦးဖြစ်သည့် နည်းပြ ဦးကျော်ဇွန်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီးနောက် ယခုအခါ နည်းပြသစ်အဖြစ် ဝါရင့်နည်းပြကြီး ဂျတ်ဇီကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂျတ်ဇီသည် မြန်မာ့လက်ရွေးစင်အသင်းကို တာဝန်ယူမကိုင်တွယ်မီက မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် သမိုင်းဝင်အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၂၀၁၅ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြဂျတ်ဇီသည် မြန်မာ့လက်ရွေးစင်ယူ-၁၉၊ ယူ-၂၀၊ ယူ-၂၃အသင်းများကို အဆင့်ဆင့်တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်တွင်လည်း မြန်မာ့လက်ရွေးစင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူတစ်ဦးဖြစ်သည်။

နည်းပြဂျတ်ဇီက "ရန်ကုန်ယူနိုက်တက်အသင်းကို တာဝန်ယူကိုင်တွယ်ခွင့် ရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာနိုင်ငံရဲ့ အကောင်းဆုံး အသင်းတစ်သင်းဖြစ်တဲ့ ရန်ကုန်ယူနိုက်တက်အသင်းကို တာဝန်ယူရတဲ့ခံစားချက်က တကယ်ကောင်းပါတယ်။ အသင်းအတွက် အကောင်းဆုံးအလုပ်လုပ်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ STA

# ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ မျက်ဒဗျက်နှင့် ကိုင်ဂျီအိုစ်တို့ နုတ်ထွက်





**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ကျင်းပမည့် ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ကိုင်ဂျီအိုစ်တို့ကထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်နှင့် ကိုင်ဂျီအိုစ်တို့သည် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် မျက်ဒဗျက်သည် ယခုနှစ် တင်းနစ်ရာသီတွင် ဂရန်းစလန်းဆုဖလားဆွတ်ခူးထားနိုင်ခြင်း မရှိသော်လည်း ဆုဖလား ငါးလုံးထိ ဆွတ်ခူးထားသည့် ကစားသမား ဖြစ်သည်။

ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံတစ်ဦးဖြစ်သူ ကိုင်ဂျီအိုစ်သည် လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ခြေဖဝါး၊ ဒူးနှင့် လက်ကောက်ဝတ်ဒဏ်ရာများ ရရှိထားသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီက "ဒီနှစ် ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့်(၃) နေရာမှာရပ်တည်နေတဲ့ မျက်ဒဗျက်နဲ့ လက်ရှိချန်ပီယံ ကိုင်ဂျီအိုစ်တို့ ပြိုင်ပွဲကနေနုတ်ထွက်လိုက်တဲ့အကြောင်း အသိပေးလာပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ လက်ရှိချန်ပီယံမပါဘဲကျင်းပတဲ့ ပြိုင်ပွဲတစ်ရပ်အဖြစ် မှတ်တမ်းဝင်သွားမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ခဲ့သည်။

ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူရာမှ ပြိုင်ပွဲပြန်ဝင်နေပြီဖြစ်သည့် ဂျပန်တင်းနစ်ကစားသမားနီရှီခိုရီ၊ ပြင်သစ်တင်းနစ်ကစားသမားမွန်ဖီးလ်နှင့် တောင်အာဖရိက တင်းနစ်ကစားသမား ကီဗင်အန်ဒါဆင်တို့သည် Wild Card ရရှိခဲ့ကြသည့်အတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ AZL

# Evian Championship ပြိုင်ပွဲတွင် ဟန်ဒါဆင် ပါဝင်ယှဉ်ပြိုင်သွားမည်

**ပဲရစ် ဇူလိုင် ၂၇**

ပြင်သစ်နိုင်ငံ အီဗီယန်လက်စ်ဘိန်းစ်မြို့တွင် ကျင်းပမည့် Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆင်က ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု The Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သေးသည့် ကစားသမားမရှိသေးဘဲ ဟန်ဒါဆင်သည် လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သလို ပြိုင်ပွဲသမိုင်းတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ပထမဦးဆုံးသောကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရန် ပစ်မှတ်ထားနေကြောင်းလည်း ဟန်ဒါဆင်က ပြောကြားခဲ့သည်။

ဟန်ဒါဆင်သည် ၂၀၂၂ ခုနှစ် Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်မယ် ဆိုဖီယာကို ရှိုက်ချက်တစ်ချက် အသာဖြင့် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ဟန်ဒါဆင်က "မနှစ်က ဒီပြိုင်ပွဲမှာအမှတ်တရကောင်းတွေ ရှိခဲ့တယ်။ ဒီနှစ်မှာလဲ တူညီတဲ့ပျော်ရွှင်မှုမျိုးရချင်တယ်။ လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်တဲ့ ကစားသမားတစ်ယောက်ဖြစ်ခွင့်ရချင်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂန္တဝင်ဂေါက်သီးရိုက်မယ်တွေရဲ့ နာမည်တွေနဲ့အတူ ကျွန်မနာမည်ကိုဆုဖလားမှာမြင်တွေ့ခွင့်ရတဲ့ ခံစားချက်ကိုလဲဂုဏ်ယူတယ်။ ကျွန်မအနေနဲ့ ဆုဖလားကိုပြိုင်ပွဲထံပြန်အပ်ပြီးနောက် ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်တဲ့ ကစားသမားဖြစ်ခွင့်ရချင်စိတ်ဖြစ်ပေါ်လာတယ်။ လက်ရှိချန်ပီယံကိုသာ ကာကွယ်နိုင်ရင် ပြိုင်ပွဲရဲ့ သက်တမ်းတစ်လျှောက် ပထမဦးဆုံး လက်ရှိချန်ပီယံကို ကာကွယ်နိုင်တဲ့ ထူးခြားတဲ့စံချိန်ကို ရရှိမှာဖြစ်လို့ စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းအုပ်စု(A)နှင့် မြန်မာအမျိုးသမီးအသင်း အုပ်စု(E)တွင်ကျရောက်

**ရန်ကုန် ဇူလိုင် ၂၇**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအမျိုးသားအသင်းအနေဖြင့် အုပ်စု(A)နှင့် အမျိုးသမီးအသင်းအနေဖြင့် အုပ်စု(E)တွင် ကျရောက်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှအားကစား ပြိုင်ပွဲကို တရုတ်နိုင်ငံ ဟန်ကျိုးပြည်နယ်တွင် ကျင်းပမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲကို အစောပိုင်းက ၂၀၂၂ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် တစ်နှစ်ရွှေ့ဆိုင်းခဲ့ကာ ယခုနှစ်မှသာကျင်းပသွားမည်ဖြစ်ပြီး လာမည့်စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အာရှအားကစား ပြိုင်ပွဲတွင် အစောပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က အမျိုးသားအသင်းသာ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း နောက်ပိုင်းတွင် အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအမျိုးသားအသင်းသည် အုပ်စု(A)တွင် အိမ်ရှင် တရုတ်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(E)တွင် တောင်ကိုရီးယားအသင်း၊ ဖိလစ်ပိုင်အသင်း၊ ဟောင်ကောင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက် ရှိနေကြောင်း သိရသည်။

STA

မင်းယဉ်စု

# ဂိလာန လမ်းလျှောက်ပုံ

ကျွန်တော့်မှာ ကျောက်ကပ်ရောဂါရှိတယ်။ "ကမ္ဘာပေါ်မှာရှိတဲ့ ယောကျ်ား ခုနစ်ယောက်တိုင်းမှာ တစ်ယောက်က ကျောက်ကပ်ဝေဒနာသည်ဖြစ်တယ်" ဆိုတဲ့ အဆိုအတိုင်း ကျွန်တော်လဲ ကျောက်ကပ်ရောဂါကို ခံစားနေရသူပါ။ ခံစားနေရတယ်ဆိုပေမဲ့ ကျွန်တော့်မှာ ဘာဝေဒနာ၊ ဘာ Pain မှမရှိ။ ကိုက်တာ၊ ခဲတာ၊ နာတာ၊ ကျင်တာမရှိ။ ဆီးသွားလဲ ကောင်းတယ်။ ရေများများသောက်၊ ဆီးများများပေါက်။ စားလို့ကောင်း၊ အိပ်လို့ကောင်း။

ဒါပေမဲ့ ဆီးနဲ့ကျောက်ကပ်အထူးကုဆရာဝန်ကြီးတစ်ယောက်ရဲ့ ညွှန်ကြားချက်အရ ကျွန်တော့်သွေးနဲ့ ဆီးကို ဓာတ်ခွဲစမ်းသပ်ပြီး စစ်ဆေးကြည့်လိုက်တဲ့အခါ ကျွန်တော့်မှာ ကျောက်ကပ်ရောဂါရှိနေပြီလို့ အဲဒီအထူးကုဆရာဝန်ကြီးက မှတ်ချက်ချတယ်။ ဒါနဲ့ သူ့နဲ့ပဲပြပြီး ကုသနေလိုက်တာ နှစ်တောင်အတော်ကြာပေါ့။ ဘယ်အစားအစာကိုစား၊ ဘယ်အစားအစာကိုရှောင်၊ ဘယ်ဆေးကို ဘယ်လိုသောက်ဆိုတဲ့ သူ့ညွှန်ကြားချက်အတိုင်းလဲ နေထိုင်ပြုမူ ကျင့်ကြံဆောင်ရွက်ခဲ့ပါတယ်။

ခက်တာက တစ်လတစ်ကြိမ်လောက် သွေးစစ်လိုက်တိုင်းမှာ eGFR ဆိုတာက ကျကျနေတယ်။ သာမန်လူကောင်းတစ်ယောက်မှာ ရှိသင့်တာက ၆၀ ထက် ပိုများသင့်တဲ့နေရာမှာ ကျွန်တော်က တဖြည်းဖြည်း နည်းနည်းလာရာက အခုဆို ၁၂ လောက်ထိတောင် ဖြစ်နေတယ်။ အဲဒီ Result ကိုကြည့်ပြီး ဆရာဝန်ကြီးက ကျွန်တော့်ကိုရှင်းပြတယ်။ eGFR က ၁၀ အောက် ရောက်သွားပြီဆိုရင် ကျောက်ကပ်ကို ဆေးရတဲ့အဆင့် ရောက်သွားလိမ့်မယ်တဲ့။ ဒါကြောင့် မူလပြောထားဆိုထားတဲ့အတိုင်း ဆောင်ရန်၊ ရှောင်ရန်တွေရှောင်၊ ဆေးမှန်မှန်သောက်ပြီး အထူးသဖြင့် သွေးမတိုးအောင်၊ ဆီးချိုမတက်အောင် သတိထားပြီး နေပါလို့ပြောတယ်။ အထူးသဖြင့် "လမ်းလျှောက်ပေးပါ" လို့ဆိုတယ်။ ကျွန်တော်ဟာ သူပြောတဲ့အတိုင်း လိုက်နာပြီးနေပေမဲ့ လမ်းတော့မလျှောက်ဖြစ်ခဲ့ဘူး။ ဒီတစ်ခါတော့ ကျောက်ကပ်ဆေးရမဲ့အဆင့်ကို ရောက်လာမှာစိုးတာနဲ့ပဲ ကျွန်တော် လမ်းစလျှောက်ဖြစ်တော့တယ်။

မနက်စောစောထရမှာပျင်းတဲ့ ကျွန်တော်ဟာ အခုဆိုရင် ပျင်းမနေရဲတော့ဘူး။ မနက် ၅ နာရီထိုးတာနဲ့ အိပ်ရာထ၊ သွားတိုက်၊ မျက်နှာသစ်ပြီး စပို့ရှပ်လက်တို၊ ဘောင်းဘီတိုဝတ်၊ Walking Shoes စီးပြီး ရှိုးစမိုးနဲ့ လမ်းလျှောက်ထွက်တော့တာပဲ။ ဆရာဝန်ကြီးနဲ့ပြဖို့ သွေးမစစ်ရသေးပေမဲ့ နဂိုကနဲ့စာရင် အသွားအလာ ပေါ့ပါးတာ၊ အထိုင်အထကောင်းတာ၊ စိတ်လက်ကြည်သာပြီး အေးချမ်းသွားတာတော့ အမှန်ပဲ။

ကျွန်တော်လမ်းလျှောက်ထွက်မယ်ဆိုရင် အိမ်သူဇနီးက ကတ်ပြားကလေးလုပ်ပြီး လည်မှာဆွဲပေးလိုက်တယ်။ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်တွေလဲ ရေးထားတယ်။ ဘာလုပ်တာလဲဆိုတော့ လမ်းလျှောက်နေရင်းနဲ့ တစ်ခုခုဖြစ်ပြီးမေ့လဲသွားရင် တွေ့တဲ့လူက အကူအညီ ပေးနိုင်အောင်လို့တဲ့။ ဩော်. . . အမြော်အမြင်ကြီးမားလိုက်တဲ့ မိန်းမရယ်။

ကျွန်တော်ကတော့ အဲဒီဟာတွေ စိတ်သိပ်မဝင်စားဘူး။ ဆွဲသွားဆိုတော့လဲ ဆွဲလိုက်တာပေါ့။ ကျွန်တော်ကြောက်တာက လမ်းလျှောက်နေရင်း ရိုက်အလုခံရမှာကို ကြောက်တာ။ ဒါကြောင့် ဖုန်းတွေ၊ မျက်မှန်တွေအကုန်ထားခဲ့ပြီး စားချင်တာတွေ့ရင် ဝယ်စားဖို့ ပိုက်ဆံအနည်းငယ်ပဲ ဘောင်းဘီအိတ်ထဲ ထည့်ခဲ့တာ။

လမ်းလျှောက်တဲ့အခါ ကျွန်တော့်လိုပဲ လမ်းလျှောက်ထွက်သူတွေ တော်တော်များများ တွေ့ရတယ်။ လူကြီး၊ လူငယ်၊ ကလေး ကျား၊ မ မရွေး လမ်းပေါ်မှာ လမ်းလျှောက်နေကြတာ ပျော်စရာကြီးဗျာ။

အဲဒီမှာ ကျွန်တော်တစ်ခု သတိပြုမိတာရှိတယ်။ တချို့က မာဖလာ (Muffler) လေး လည်မှာပတ်ပြီး သူ့မှာပါလာတဲ့ အိတ်ဆောင်ရီကော်ဒါလေးထဲက ပဋ္ဌာန်းတို့၊ ပရိတ်တို့ကိုဖွင့်လို့ တရားသံကို နာခံရင်း လမ်းလျှောက်တာတွေ့ရတယ်။ သူတို့ကို ကျွန်တော်က "တရားသမား လမ်းလျှောက်ပုံ"လို့ နာမည်ပေးလိုက်တယ်။

တချို့က လမ်းလျှောက်တာက လက်လွှဲတာကအစ စနစ်တကျနဲ့လွှဲပြီး နှေးနှေးလေး ပြေးလိုက်၊ အမြန်ပြေးလိုက်၊ နောက်တစ်မျိုးပြောင်းပြီး အနှေးလျှောက်၊ အမြန်လျှောက်နဲ့ စမတ်ကျကျလျှောက်တာ တွေ့ရတယ်။ သူတို့ကိုကျတော့ ကျွန်တော်က "အားကစားသမား လမ်းလျှောက်ပုံ"လို့ ကင်ပွန်းတပ်လိုက်တယ်။

တချို့ကျတော့ အမယ် ယောကျ်ားချင်းကျတော့ ဘယ်သူမှ လူမထင်တဲ့အလား ဆောင့်ကြွားကြွားနဲ့ ဘာသိဘာသာနေပြီး မိန်းကလေးတွေ့ပြီဆို သာမန်ရွက်ကြမ်းရေကျိုဆို အရေးမလုပ်၊ လှတပတ ချောချောမောမောနဲ့ တောင့်တောင့်ဖြောင့်ဖြောင့်များတွေ့ရင် သိသိ၊ မသိသိ လက်ကလေးပြလို့ မျက်စကလေးချီ၊ ဟိုင်း ဟိုင်း ဆိုပြီး နွားငတ်ရေကျသံကြီးနဲ့ အားရပါးရ နှုတ်ဆက်လို့။ သူတို့ကိုကျတော့ ကျွန်တော်က "တဏှာရာဂသမား လမ်းလျှောက်ပုံ"လို့ အမှတ်သညာ ပြုလိုက်ပါတယ်။

ဒါဖြင့် ကောင်းပြီ။ ကျွန်တော်ကကော။ ကျွန်တော်ကတော့ ရောဂါဖြစ်မှာကြောက်လို့သာ ဆရာဝန်ခိုင်းတဲ့အတိုင်း လမ်းလျှောက်နေရတာ။ သိပ်မှုမှန်တာ မဟုတ်။ ဟန်ကျပန်ကျနဲ့ စနစ်တကျမဟုတ်။ ဟိုယိုင်ဒီယိမ်းနဲ့ ဘယ်တိမ်းလိုက်၊ ညာတိမ်းလိုက်။ စလျှောက်ပြီဆိုတာနဲ့ တအောင့်လောက်ကြာရင် ချွေးတွေက ထွက်လာပြီ။ ဟိုလူဒီလူကို လှမ်းနှုတ်ဆက်ဖို့ နေနေသာသာ ကိုယ့်ဘာသာကိုယ် မနည်းကြိုးစားပြီး လျှောက်နေရတာ။ တစ်ခါတလေ လျှောက်နေရင်းနဲ့ သရုပ်ဆောင် ဦးကျော်လုံးနဲ့ သရုပ်ဆောင် ဦးသိန်းမောင်ကြီးတို့ ရုပ်ရှင်ထဲမှာ ပြောခဲ့တဲ့စကားတစ်ခွန်း သွားပြီးအမှတ်ရမိတယ်။ "နာမ်အလိုကို ခန္ဓာကိုယ်က မလိုက်နိုင်တော့ဘူး"ဆိုတဲ့ စကားပဲ။

ဒါကြောင့်လဲ ကျွန်တော့်လမ်းလျှောက်ပုံကို ကျွန်တော့်ဘာသာပဲ အမည်ပညတ် သတ်မှတ်လိုက်မိတော့တယ်။ "ဂိလာန လမ်းလျှောက်ပုံ"လို့။

ကျွန်တော့်ကိုကုသနေတဲ့ ဆီးနဲ့ကျောက်ကပ်အထူးကုဆရာဝန်ကြီးနဲ့ပြန်ပြဖို့ ရက်ချိန်းက တစ်လအကြာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် တစ်လပြည့်တော့ ဆရာဝန်ကြီး ညွှန်ကြားထားတဲ့အတိုင်း သွေးနဲ့ဆီးကို ထပ်စစ်ပြီး ကြိုတင် Booking ယူလိုက်တယ်။ အမှတ်စဉ် (၃၀)။ အဲဒီဆရာဝန်ကြီးကလဲ လူနာ ဘယ်လောက်များသလဲဆိုရင် တစ်ပတ်ကြိုပြီး Booking ယူတာတောင် ဘယ်တော့မှ အမှတ်စဉ်သေးသေး မရဘူး။ အလွန်ဆုံးရရင် အမှတ်စဉ် (၃၀) ပဲ။

ထားပါတော့။ သူ့ဆီသွားမပြခင် တစ်နေ့က စစ်ထားတဲ့ သွေးနဲ့ဆီးရလဒ် (Result) ကို အရင်တုန်းကတော့ သမီးကြီးက သွားသွားယူတယ်။ ဒီတစ်ခါတော့ စိတ်ထဲက သိပ်ကြောက်နေမိပြီး ကိုယ့်ဘာသာကိုယ်ပဲ သွားရွေးတော့မယ်ဆိုပြီး ဆေးရုံဘက်ထွက်ခဲ့တယ်။

ကျွန်တော့်ဘဝမှာ ဒီတစ်ခါ အကြောက်ဆုံးပဲ။ မကြောက်လို့ဘယ်ဖြစ်မလဲ။ ကြည့်လေ။ နောက်ဆုံးတစ်ခေါက် ဆရာဝန်ကြီးပြတုန်းက eGFR ဆိုတဲ့ သွေးစစ်ချက်က လူကောင်းတစ်ယောက်မှာ ၆၀ နဲ့ အထက်ရှိနေရမှာကို ကျွန်တော်က ၁၂ တဲ့။ အဲဒီမှာ ဆရာဝန်ကြီးကိုယ်တိုင်က ပြူးတူးပြဲတဲနဲ့ ၁၀ အောက်ဆိုရင် ကျောက်ကပ်ဆေးရလိမ့်မယ်ဆိုပြီး ပြောတယ်။ မကြောက်ဘယ်ခံလိမ့်မလဲ။ ကျောက်ကပ်ဆေးရပြီဆိုတာနဲ့ အခြေအနေက မကောင်းတော့ဘူး။ အနုတ်လက္ခဏာ (Minus) ပြသွားပြီ။ ကျောက်ကပ်အစားထိုးဖို့ကလဲ လှူမဲ့လူရှိအုံးမှ။ လှူမဲ့လူရှိရင်တောင် ဖွတ်ကလိဒင်္ဂါးက သိန်းရာကျော်လောက်ကုန်အုံးမယ်။ ကိုင်း. . . ဘယ်နှယ့်ရှိစ။ ကျွန်တော်မှမကြောက် ဘယ်သူ ကြောက်လိမ့်မလဲ။

ဒါနဲ့ မိုးဖွဲဖွဲကလေးရွာနေတဲ့ကြား ထီးကလေးဆောင်းပြီး ဘုရားစာတတွတ်တွတ်ရွတ်လို့ ဆေးရုံဘက် ထွက်ခဲ့တယ်။ သွေးနဲ့ဆီး Result ကို ရွေးယူပြီးတဲ့နောက် ဆေးရုံလှေကားထစ်မှာဖင်ထိုင်ချပြီး စာအိတ်ထဲက Result စာရွက်ကလေးကို တဖြည်းဖြည်းချင်း ဆွဲထုတ်ပြီး eGFR ကို အရင်ဆုံးလှန်ကြည့်လိုက်တယ်။ ဘုရား. . . ဘုရား. . . ဘုရား။ ၁၃ တဲ့။ အမယ်လေး ပျော်လိုက်တာ။

အရင်က ၁၂၊ အခု ၁၃ ဆိုတော့ အရင်ကထက် တစ်မှတ်ကြီးတောင် ပိုတက်လာတယ်။ ကျန်တဲ့ Result တွေကလဲ အခြေအနေကောင်းတယ်။ ကျသင့်တာကျ၊ တက်သင့်တာ တက်။

ကျွန်တော်လေ လမ်းလျှောက်ဖို့အကြံပေးတဲ့ ဆရာဝန်ကြီးကို တအားလေးစားသွားသလို ကိုယ့်ကိုယ်ကိုယ်လဲ ကျေနပ်သွားတယ်။ "လမ်းလျှောက်ခြင်း"ရဲ့အကျိုးကျေးဇူးလေ။ ဒါတောင် အမှန်အတိုင်းဝန်ခံရရင် ပြီးခဲ့တဲ့တစ်လအတွင်း ကျွန်တော် နေ့တိုင်း လမ်းလျှောက်ဖြစ်တာမဟုတ်။ မိုးရွာတာ၊ နေပူတာကို အကြောင်းပြ အီလေးဆွဲပြီး ကျွန်တော် ၁၀ ရက်လောက်ပဲ လျှောက်ဖြစ်တာ။

အခုတော့ ကျွန်တော် **သံမဏိစိတ်ဓာတ်နဲ့သံမဏိအဓိဋ္ဌာန်**ကို ခိုင်ခိုင်မာမာချလိုက်ပါပြီ။ မိုးရွာရွာ နေပူပူ နေ့တိုင်းမပျက်မကွက် လမ်းလျှောက်ပါတော့မယ် ဆရာဝန်ကြီးခင်ဗျား။

> ❖ ကျွန်တော်ကတော့ ရောဂါဖြစ်မှာကြောက်လို့သာ ဆရာဝန်ခိုင်းတဲ့အတိုင်း လမ်းလျှောက်နေရတာ။ သိပ်မှုမှန်တာ မဟုတ်။ ဟန်ကျပန်ကျနဲ့ စနစ်တကျမဟုတ်။ ဟိုယိုင်ဒီယိမ်းနဲ့ ဘယ်တိမ်းလိုက်၊ ညာတိမ်းလိုက်။ စလျှောက်ပြီဆိုတာနဲ့ တအောင့်လောက်ကြာရင် ချွေးတွေက ထွက်လာပြီ။ ဟိုလူဒီလူကို လှမ်းနှုတ်ဆက်ဖို့ နေနေသာသာ ကိုယ့်ဘာသာကိုယ် မနည်းကြိုးစားပြီး လျှောက်နေရတာ။ တစ်ခါတလေလျှောက်နေရင်းနဲ့ သရုပ်ဆောင် ဦးကျော်လုံးနဲ့သရုပ်ဆောင် ဦးသိန်းမောင်ကြီးတို့ ရုပ်ရှင်ထဲမှာ ပြောခဲ့တဲ့စကားတစ်ခွန်း သွားပြီးအမှတ်ရမိတယ်။ "နာမ်အလိုကို ခန္ဓာကိုယ်က မလိုက်နိုင်တော့ဘူး"ဆိုတဲ့ စကားပဲ။ ❖

# ပဲခူးမြို့နယ် ကျွဲဒညင်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပဲခူး ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စု ကျွဲဒညင်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျွဲဒညင်းကုန်းကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျွဲဒညင်းကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၃၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးသွားသဖြင့် ကျွဲဒညင်းကုန်းကျေးရွာမှ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာတော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

**အေးမြတ်**

# သဲသဲလှုပ် ဇာတ်ကားကို ဇူလိုင် ၂၈ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း ရုံတင်ပြသမည်




**ရန်ကုန် ဇူလိုင် ၂၇**

Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်သည့် သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၂၈ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း ရုံတင် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကျော်ဇေလင်း၏(အတွေးပုံရိပ်)က ပြောပြ၍ သိရသည်။

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ မဟာဆွေ၏ဝတ္ထုကို ကိုကျော်က ဇာတ်ညွှန်းရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ ကျော်ဇေလင်း၏ (အတွေးပုံရိပ်)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေးအတွက် မအေးအေးဝင်းက စီစဉ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားက ၂၀၁၈ ခုနှစ်က ရိုက်ကူးခဲ့တဲ့ဇာတ်ကားပါ။ နေတိုးက ဒီဇာတ်ကားထဲမှာ တအားအတွေးလွန်တဲ့ ကောင်လေးပေါ့။ သူ့ရဲ့အတွေးလွန်တဲ့အကျင့်ကြောင့်ပဲ သူကတစ်ခုခုလုပ်တိုင်း ကွဲထွက်နေတာလေးတွေကို အချစ်နဲ့ဟာသဇာတ်ကားလေးအဖြစ် ပုံဖော်ထားတာပါ။ ဒီဇာတ်ကားလေးကလဲ ပရိသတ်တွေကြည့်ရတဲ့ တခဏမှာတော့ ပျော်ရွှင်ရစေမှာပါ"ဟု ဒါရိုက်တာ ကျော်ဇေလင်း၏ (အတွေးပုံရိပ်)က ပြောပြသည်။

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ အောင်ခိုင်၊ မိုးဒီ၊ ကျော်ထက်ဇော်၊ ငှက်ပျောကြော်၊ ဟိန်းမင်း၊ ဇင်မျိုး၊ ဇော်ဇော်အောင်၊ ရွှေမှုံရတီ၊ စိုးမြတ်သူဇာ၊ ဝါဝါအောင်၊ ယွန်းရွှေရည်၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ ရဲလေးမနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# 57 Seconds အက်ရှင်ဇာတ်ကား၌ မော်ဂန်ဖရီးမင်းနှင့် ဂျိုဟက်ချာဆန်တို့ ပါဝင်

**နယူးယောက် ဇူလိုင် ၂၇**

57 Seconds အမည်ရှိ ထိတ်လန့်သည်းဖို အက်ရှင်ဇာတ်ကားတွင် အော်စကာဆုရှင်မင်းသားကြီး မော်ဂန်ဖရီးမင်းနှင့် မင်းသား ဂျိုဟက်ချာဆန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

57 Seconds ဇာတ်ကားသည် အတိတ်ကိုပြန်ရေးနိုင်သော အချိန်ပြောင်းကိရိယာတစ်မျိုးကို အသုံးချနိုင်သည့် နည်းပညာရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသားကြီး မော်ဂန်ဖရီးမင်းက နည်းပညာရှင် အန်တွန်ဘာရဲအဖြစ် သရုပ်ဆောင်ထားပြီး မင်းသား ဂျိုဟက်ချာဆန်ကမူ အန်တွန်ဘာရဲကို တွေ့ဆုံမေးမြန်း ပြုလုပ်ခဲ့သော နည်းပညာဘလော့ဂါတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

57 Seconds ဇာတ်ကားကို ဒါရိုက်တာ ရပ်စတီကန်းဒီအက်က ရိုက်ကူးပေးထားကာ ဝတ္ထုဇာတ်ညွှန်းကို မာကွန်ဟလဲနှင့် ရပ်စတီကန်းဒီအက်တို့က ရေးသားပေးထားပြီး ဒါရိုက်တာ ရပ်စတီကန်းဒီအက်သည် Tales From the Hood ထိတ်လန့်သည်းဖိုဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

57 Seconds ဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။ KKO




# The Music ဒိုင်ယာရီ ဂီတပြိုင်ပွဲတွင် အသက် ၄၀ နှင့်အထက် ဂီတဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန် ဇူလိုင် ၂၇**

Channel K ရုပ်သံလိုင်းနှင့် RAHTA Entertainment တို့ ပူးပေါင်းတင်ဆက်မည့် The Music ဒိုင်ယာရီ အမည်ရှိ ဂီတပြိုင်ပွဲ အစီအစဉ်တွင် အသက် ၄၀ နှင့်အထက် ဂီတဝါသနာရှင်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း အဆိုပါဂီတပြိုင်ပွဲကို စီစဉ်သူ ဦးထွန်းထွန်းက ပြောပြ၍ သိရသည်။

The Music ဒိုင်ယာရီ ဂီတပြိုင်ပွဲအစီအစဉ်တွင် တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သည့် တေးသီချင်းများကို အဆိုဝါသနာရှင်များက ရွေးချယ်သီဆိုယှဉ်ပြိုင်ရင်း တစ်ခေတ်တစ်ခါက အမှတ်တရများကို ပြန်လည်ပုံဖော်အသက်သွင်းမည့် တေးသီချင်းပြိုင်ပွဲအစီအစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

"The Music ဒိုင်ယာရီ ဂီတပြိုင်ပွဲအစီအစဉ်မှာဆိုရင် အသက် ၄၀ နဲ့အထက် ဂီတဝါသနာရှင်တွေ အားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ အမျိုးမျိုးသော ကွဲပြားခြားနားသူတွေ အားလုံးကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ပါတယ်။ ဒီအစီအစဉ်ကို စိတ်ဝင်စားလို့ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင်တော့ တစ်ယောက်ချင်းသီဆိုထားတဲ့တေးသီချင်းနှစ်ပုဒ် အနည်းဆုံး ပေးပို့ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။




ရိုက်ကူးထားတဲ့သီဆိုမှု Video File ကို RAHTA Entertainment ကို ပေးပို့ပြီး စာရင်းပေးသွင်းနိုင်ပါတယ်။ ပြိုင်ပွဲဝင်အဖြစ် ရွေးချယ်ခံရသူတွေကို RAHTA Entertainment က ပြန်လည်အကြောင်းကြားပေးသွားမှာဖြစ်ပါတယ်"ဟု ဦးထွန်းထွန်းက ပြောပြသည်။

The Music ဒိုင်ယာရီ ဂီတပြိုင်ပွဲအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ ဩဂုတ်လမှ ဒီဇင်ဘာလထိဖြစ်ကြောင်း၊ အဆိုပါဂီတပြိုင်ပွဲ၌ အခြားသီချင်းဆိုပြိုင်ပွဲများတွင် အနိုင်ရရှိဖူးသူများ၊ တေးစီးရီးခွေ ထုတ်လုပ်ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကားဒုတိယသီတင်းပတ်ဝင်ငွေ The Dark Knight ကို ကျော်ဖြတ်

**နယူးယောက် ဇူလိုင် ၂၇**

ဝါနာဘရားသားကုမ္ပဏီ၏ Barbie ဇာတ်ကား ရုံတင်ပြီးဒုတိယသီတင်းပတ် စတင်ချိန်ဝင်ငွေသည် The Dark Knight ဇာတ်ကား၏ ဝင်ငွေကို ကျော်ဖြတ်ခဲ့ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

Barbie ဇာတ်ကား၏ ဇူလိုင် ၂၄ ရက် ပြည်တွင်းဝင်ငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၁ သန်းထိရှိခဲ့သည်။

ဒါရိုက်တာ ခရစ္စတိုဖာနိုလန် ရိုက်ကူးခဲ့သော The Dark Knight ဇာတ်ကား၏ ရုံတင်ပြီး ဒုတိယသီတင်းပတ် စတင်ချိန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်းထိရှိခဲ့သည်။

Barbie ဇာတ်ကားသည် စတင်ရုံတင်ပြီး သုံးရက်တာအတွင်းမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၃ သန်းထိရရှိထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ် ရိုက်ကူးပေးထားသည့် Barbie ဇာတ်ကားတွင် မင်းသမီးမားဂေါ့ရောဘီနှင့် မင်းသားရိုင်ယန်ဂိုးစလင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO





# Miss World 2023 အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ရွေးချယ်နိုင်ရန် Miss World Myanmar ပြိုင်ပွဲဝင်အလှမယ်များ ခေါ်ယူနေ

**ရန်ကုန် ဇူလိုင် ၂၇**

Miss World 2023 အတွက် မြန်မာနိုင်ငံ ကိုယ်စားပြုအလှမယ် ရွေးချယ်နိုင်ရန် Miss World Myanmar ပြိုင်ပွဲဝင် အလှမယ်များ ခေါ်ယူနေကြောင်း Miss World Myanmar Organization မှ Founder ကိုဝေယံအောင်က ပြောပြ၍ သိရသည်။

Miss World 2023 ပြိုင်ပွဲအတွက် အသက် ၁၈ နှစ်မှ ၂၇ နှစ်အတွင်းရှိ အိမ်ထောင်မရှိသူ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ စိတ်ပါဝင်စားသူ အလှမယ်များအနေဖြင့် Miss World Myanmar Organization (Page၊ Messenger) သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

"Beauty with a Purpose ရည်ရွယ်ချက်နဲ့ လူမှုအကျိုးပြုပရဟိတအလုပ်တွေအတွက် ရွေးချယ်မဲ့ Miss World 2023 ပြိုင်ပွဲအတွက် မြန်မာကိုယ်စားပြုအလှမယ်တွေကို ဖိတ်ခေါ်နေပါတယ်။ ကမ္ဘာ့အလှမယ်ပွဲဖြစ်တဲ့ Miss World 2023 ပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ဖို့ ထူးချွန်ထက်မြက်ပြီး လှပကျော့ရှင်းကျက်သရေရှိတဲ့ မြန်မာအမျိုးသမီးလေးကို ရှာဖွေနေပါတယ်"ဟု Miss World Myanmar Organization မှ Founder ကိုဝေယံအောင်က ပြောပြသည်။

မြန်မာနိုင်ငံမှ ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် ၆၉ ကြိမ်မြောက် Miss World 2019 ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြုမယ်အလှမယ် Miss World Myanmar 2019 အလှမယ် ခေတ် လင်းလက်ယွန်း သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ASH

# Waso robe-offering ceremony 2023 of the State Administration Council of the Republic of the Union of Myanmar held



Waso robe-offering ceremony 2023 of the SAC in progress.

**Nay Pyi Taw July 27**

The Waso robe-offering ceremony 2023 of the State Administration Council of the Republic of the Union of Myanmar took place at the Sasana Maha Beikman in the precinct of the Uppatasanti Pagoda in Nay Pyi Taw Council Area this morning, and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and offered Waso robe and alms.

The ceremony was attended by 27 Sayadaws including Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Secretary of the State Sangha Maha Nayaka Committee Thanlyin Minkyaung Presiding Patron of Minkyaung Pathamapyan Sarthintaik in Thanlyin Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Sandhima Bhivamsa, the Chairman of the State Administration Council Prime Minister and wife, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union-level dignitaries, union ministers and wives, the Chairman of Nay Pyi Taw Council, the Chief of General Staff (Army, Navy and Air) and wife, senior military officers of the Office of Commander-in-Chief of Defence Services and wives,

*See Page 13*


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robe and alms to a Sayadaw.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to a Sayadaws.


Vice-Senior General Soe Win and Daw Than Than Nwe offer Waso robe and alms to a Sayadaw.


Vice-Senior General Soe Win and Daw Than Than Nwe offer meals to Sayadaws.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.


A Sayadaw is being offered Waso robe and alms.

*From Page 12*

the Commander of Nay Pyi Taw Command and officials.

Firstly, the Senior General paid homage to the Buddha Image inside the Sasana Maha Beikman and offered meals in the emerald alms-bowl, fruits, flowers, water and oil lights to the Buddha Image.

Then, the Senior General and wife offered Waso robe and alms to the Presiding Patron Sayadaw of Thanlyin Minkyaung Pathamapyan Sarthintaik.

Then, the Vice-Senior General and wife offered Waso robe and alms to Vice-Chairman of the State Sangha Maha Nayaka Committee Presiding Patron of Siho Pariyatti Sarthintaik in Kyaukme, Shan State, Agga Maha Pandita Dr Bhaddanta Candana Sara. Next, the Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union-level dignitaries, union ministers, the Chief of General Staff (Army, Navy and Air) and wife, and the senior military officers offered Waso robes and alms to the Sayadaws and Sanghas respectively.

After that, the Senior General and wife and the congregation heard a sermon delivered by the Presiding Patron of Siho Pariyatti Sarthintaik, Kyaukme, sharing merits gained. The ceremony came to a close after the three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife and the attendees offered day meals to the Sayadaws and Sanghas. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting 4/2023 of Illegal Trade Eradication Steering Committee



Vice-Senior General Soe Win addresses the meeting.

**Nay Pyi Taw July 27**

The Illegal Trade Eradication Steering Committee held meeting 4/2023 at the Ministry of Commerce here at 2 pm, addressed by the committee chairman Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Union Ministers Lt-Gen Soe Htut, U Win Shein and U Aung Naing Oo, deputy ministers, members of Nay Pyi Taw Council, the Chairman of Revenue Appellate Tribunal, permanent secretaries, directors general, and officials. Chairmen of region and state illegal trade eradication special teams attended it through video conferencing.

The Vice-Senior General said the steering committee adopted 311 decisions at the previous nine meetings, and the estimated amount of seizures was Ks-27.054 billion from 7,011 cases during the period from January 2022 to June 2023, registering a significant increase when compared with the previous years.

But according to information, illegal trade still exists. Records in Thailand showed that the country exported US$-2.932 billion worth of goods to Myanmar during the period from May 2022 to April 2023, but according to Myanmar records the value of Thai exports during the period was US$-1.293 billion, showing a US$-1.639 billion difference which might be caused by illegal trade.

**"Government's policy, supply and demand, transparency and trade and customs environment"** are the basic factors of the illegal trade. Because of the border regions where security is still a requisite, and a large number of crossing points along the long common border lines border monitoring and control is difficult, and weaknesses in the legal sector, insufficient manpower and low efficiency, and corruption are also challenges for the anti-illegal trade activities.

Due to the illegal border crossing points, bypasses for smuggling, and weakness on the part of some civil servants, illegal trade continues despite the anti-illegal trade activities are being launched all over the country. More warehouses to keep seized contrabands and market scrutiny have become a necessity. Merchants are requested to provide inside information.

At the meeting on national economic promotion, the Prime Minister noted that **illegal trade and natural resources smuggling business were hitting the national economy hard.** In Kachin State and Taninthayi Region, 57 Backhoe excavators, at an estimated value of Ks-4.531 billion, were seized in June 2023 while taking part in illegal mining activities. During the period from January 2022 to June 2023, 1,462 cases of illegal logging could be arrested and Ks-4.421 billion worth of forest products were confiscated, which is 3.48% of the total arrested cases. Hence, anti-illegal trade teams should effectively curb illegal trade that still exists.

At the meeting on boosting production of basic foodstuff, the Prime Minister said **officials of regions and states should prioritize the work of cutting unnecessary costs at the gates along the cargo trade routes.** Hence, the teams should check the trade centres, checkpoints and security gates to ensure that there were no bribery and unnecessary delays. If a bribery case is exposed, persons at all levels involved in it will be dealt with severe punishment.

According to the investigation over the seized items, illegal trade process used detours for transportation and also passed the checkpoints and security gates with bribery money. Chairmen of special task forces and in-charge directors general of OSS have to strictly supervise functions of checkpoints and security gates not to commit bribery cases. If the union level officials find the cases, severe action will be taken against the staff signed at relevant posts and officials at different levels.

In reviewing the seizures in June 2023, amounts of seizures were larger than that of previous month. According to the reviews on commodity groups, monthly balance of the seizures amounted to Ks-11.816 billion and the vehicle group Ks-7.822 billion, exceeding Ks-4.254 billion rather than the previous month but seizures of agricultural produce, timbers, raw materials, personal goods, foodstuffs and animals alive declined. With regard to the camps, seizure volume of main checkpoints such as Mayanchaung, Kawkareik Tadakyoe, Muse 105th-Mile, international airports and ports remarkably declined. It must be reviewed that root causes of declining the seized volume were based on weakness of relevant task forces and assigned staff despite illegal trade.

The Bill of Loading system has been operated on test since 1 December 2022 for easing the inspecting the cargo trucks along the trade routes. As it has completed for a six-month period of the test term, it is necessary to submit the assessment over difficulties of staff, drivers and businesspersons. If so, the decision can be made for whether or not to continue the system.

Neighbouring countries have been applying the e-lock system to check the containers, closed vans and commodity transport for many years. The Vice-Senior General urged all to implement e-lock system as quickly as possible. Authorities check QR code system in order to ease and be quick inspection of export vehicles. Staff members of the checkpoints have to take care of export items and tonnage mentioned in the QR code to be in harmony with export items and tonnage on the trucks.

If staff use ICT technology and X-ray machines in inspecting the commodities rather than manual inspection, and it will help increase seizure volume and contribute to smooth trade process. As such, the Customs Department needs to observe searching and inspection processes of neighbouring countries and international community to improve the process at home. The departmental officials need to submit the reports on better system and modernized process than the current process.

MACSS used in issuance of export and import declarations of the Customs Department, Myanmar Tradenet 2.0 system of the Trade Department for issuance of export and import licences and MyCo system of the Directorate of Investment and Company Administration for registration are very good system in online systems for trade process. But, any system does not be perfect. It is necessary to review difficulties and weakness in applying the system to amend it to be better. Some modern countries deploy some staff in trade process on a wider scale due to betterment of the techniques.

Moreover, relevant departments need to submit the reports continuously to the steering committee on discussions for implementation of the National Single Window System which can operate departmental measures online and the Single Window Inspection (SWI) and Single Stop Customs Inspection (SSCI) to be tested at Myanmar-Thai border discussed at the Steering Committee 3/2022. Only when techniques must be applied in deploying staff will the functions be effective and correct with reducing costs. Hence, relevant departments need to implement the techniques as quickly as possible.

Whatever challenges emerge, the illegal trade process must be eradicated to have success. It is necessary to check and ban illegal trade goods to be taken action at border regions and trade routes as well as warehouses and markets. Effective action must be taken against illegal production of natural resources at home. Chairmen of task forces and departmental officials have to specially supervise unacceptable costs and delay measures at the gates along the trade routes.

Bill of loading systems should be reviewed and submitted, while it is necessary to adopt an e-lock system as quickly as possible. The current technological systems must be constantly reviewed and monitored. It is also necessary to replace human workers with modern machinery as quickly as possible. In combating illicit trade, special task forces and one-stop service departments need to cooperate with each other.

Next, the director general of the Trade Department reported progress in implementing the committee's meeting (3/2023) resolutions and the steering committee's activities.

Then, the respective departmental heads read the messages submitted to the meeting (4/2023).

Next, the steering committee vice chairmen Union Ministers Lt-Gen Soe Htut and U Win Shein, committee member Union Minister U Aung Naing Oo discussed export and import comparisons between Myanmar and Thailand, measures to prevent imports of illegal goods via illegal routes, seizures of narcotics, controlled chemicals, illegally imported vehicles, foodstuffs, medicines and cosmetics, findings and reviews over illicit trade, prompt adoption of e-lock system, illegal online sales of goods, QR code checks and security matters.

Afterwards, those in attendance reported on their respective tasks regarding the fight against illicit trade.

The leader of the task force read the draft resolution of the meeting (4/2023).

Then, the Vice-Senior General coordinated the reports and discussions and concluded the meeting. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပိုလန်နိုင်ငံက S-70i ဟားရှင်း Black Hawk တိုက်ခိုက်ရေးရဟတ်ယာဉ်ဝယ်ယူရေး ညှိနှိုင်းမှုများစတင်ပြုလုပ်



ပိုလန်နိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် S-70i ဟားရှင်း Black Hawk တိုက်ခိုက်ရေးရဟတ်ယာဉ်များဝယ်ယူရေးအတွက် ညှိနှိုင်းမှုများစတင်ပြုလုပ်ခဲ့ကြောင်း www.thedefense-post.com သတင်းဌာနက ဇူလိုင် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဝယ်ယူမည့် ရဟတ်ယာဉ်အရေအတွက်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော်လည်း ပိုလန်စစ်ဘက်သည် လော့ခ်ဟိဒ်မာတင်က ရဟတ်ယာဉ် ၃၂ စင်းခန့်ဝယ်ယူရန် နည်းလမ်းရှာဖွေနေသည်ဟု ပြီးခဲ့သည့်လက မီဒီယာများကို ပြောကြားခဲ့ကြောင်း သိရသည်။

S-70i ဟားရှင်း Black Hawk တိုက်ခိုက်ရေးရဟတ်ယာဉ်သည် လော့ခ်ဟိဒ်မာတင်၏ လက်အောက်ခံကုမ္ပဏီ ပိုလန်အခြေစိုက် PZL Mielec က ထုတ်လုပ်သော UH-60M Black Hawk ရဟတ်ယာဉ်၏ ပြည်ပတင်ပို့မှုဗားရှင်းလည်းဖြစ်သည်။

လေကြောင်းလှုပ်ရှားတပ်ဖွဲ့ (Aero-mobile Forces)အတွက် ဘက်စုံသုံး S-70i ဟားရှင်း Black Hawk တိုက်ခိုက်ရေးရဟတ်ယာဉ်များ ဝယ်ယူရေးလုပ်ငန်းစဉ် စတင်နေပါပြီ။ ဆွေးနွေးညှိနှိုင်းရန် ဖိတ်ကြားချက်ကိုပေးပို့ခဲ့သည်ဟု ပိုလန်စစ်လက်နက်ပစ္စည်းအေဂျင်စီက ပြီးခဲ့သည့် သီတင်းပတ်က တွစ်တာတွင် ရေးသားခဲ့သည်။

Black Hawkသည် WSK PZL Świdnikထံမှ AW149 ရဟတ်ယာဉ်များနှင့် ဝယ်ယူရန်စီစဉ်ထားဆဲဖြစ်သော AH-64E Apache ရဟတ်ယာဉ်များနှင့်အတူ အင်အားပြည့် ပူးပေါင်းလုပ်ဆောင်သွားနိုင်လိမ့်မည်ဖြစ်သည်ဟု တွစ်တာတွင် ရေးသားဖော်ပြထားသည်။

ပိုလန်သည် လီယိုနာဒို/ Agusta Westland AW149 ဘက်စုံသုံးရဟတ်ယာဉ် ၃၂ စင်းကို ယခင်နှစ်က အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၃ ဘီလီယံဖြင့် ဝယ်ယူခဲ့ပြီးဖြစ်သည်။ ရဟတ်ယာဉ်၏ ပထမဆုံးအသုတ်သည် ယခုနှစ်အတွင်း ရောက်ရှိလာမည်ဟု မျှော်လင့်ရသည်။

NATO အဖွဲ့ဝင်နိုင်ငံ ပိုလန်အနေဖြင့် အမေရိကန်ထံမှ Boeing AH-64E Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၉၆ စင်းကိုလည်း ဝယ်ယူရန်တောင်းဆိုထားသည်။ အမေရိကန်နိုင်ငံက နောက်ထပ် Apache ရှစ်စင်းကို အငှားချထားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စတင်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်တွင် လက်နက်တပ်ဆင်ရန်အတွက် ပိုလန်နိုင်ငံသည် အမေရိကန်ထံမှ သံချပ်ကာဖျက် (Anti-armor) AGM-114R2 Hellfire ဒုံးကျည်အစင်း ၈၀၀ ကို ဝယ်ယူခဲ့သည်။

ကျွန်ုပ်တို့သည် Black Hawk ရဟတ်ယာဉ်များကို ထပ်မံဝယ်ယူဖြည့်တင်းလျက်ရှိသည်။ ပိုလန်တပ်မတော်တွင် မကြာမီ ရဟတ်ယာဉ်အုပ်များအနေဖြင့် Black Hawk၊ AW149၊ AW101 နှင့် Apache များ ဖွဲ့စည်းပုံအပြည့် ပိုင်ဆိုင်နိုင်တော့မည်ဖြစ်သည်ဟု ပိုလန်နိုင်ငံကာကွယ်ရေးဝန်ကြီး Mariusz Błaszczak က တွစ်တာတွင် ရေးသားခဲ့သည်။

"အမေရိကန်မှာ Apache သင်တန်းတက်ရောက်ဖို့အတွက် ကျွန်တော့်တပ်ဖွဲ့ဝင်တွေ လေ့ကျင့်သင်တန်းပေးရေးက ဒီနှစ်နှောင်းပိုင်းမှာစတင်မှာဖြစ်ပြီး ပထမဆုံး Apache ရဟတ်ယာဉ်အသုတ်ကတော့ နောက်နှစ်မှာ ပိုလန်ကိုရောက်လာမှာပါ"ဟု Mariusz Błaszczak က ထည့်သွင်းပြောကြားထားခဲ့သည်။

**Poland Initiates Black Hawk Helicopter Purchase Negotiations ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက နိုင်ငံ၏စစ်ဘက်-စက်မှုဇုန်လုပ်ငန်းတွင် စစ်လက်နက်များထုတ်လုပ်မှု အရှိန်မြှင့်တင်နိုင်ခဲ့

ရုရှားနိုင်ငံသည် နိုင်ငံ၏ စစ်ဘက်-စက်မှုဇုန်လုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားဦးရေ ၁၆၀၀၀ ကျော်ကိုသာ အသုံးပြုနိုင်သော်လည်း အချို့သောစစ်လက်နက်များ ထုတ်လုပ်မှုစွမ်းအားကို အရှိန်မြှင့်တင်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Denis Manturov က ဇူလိုင် ၂၄ ရက်တွင် ကြေညာခဲ့သည်။

ယခုနှစ် အစကတည်းက လက်နက်အမျိုးအစားများစွာနှင့် အထူးစက်ပစ္စည်းကိရိယာများအတွက် ယခင်နှစ်တစ်နှစ်လုံးထက် ပိုမိုထုတ်လုပ်ထားပြီးဖြစ်သည်ဟု Manturov က Nizhny Novgorod မြို့တွင်ပြုလုပ်သည့် ကွန်ဖရင့်တွင် ပြောကြားခဲ့သည်။

"စစ်လက်နက် ပစ္စည်းတွေအကြောင်းပြောရင် ကျွန်တော်တို့ဟာ အရင်နှစ်ရဲ့ စုစုပေါင်းမှာယူမှုထက် တစ်လအတွင်း လွဲပြောင်း၊ ပို့ဆောင်ပေးနိုင်စွမ်းဟာ ကျော်လွန်တဲ့ အနေအထားထိ ရောက်နေပါပြီ"ဟု Manturov က ဆက်လက်ပြောကြားသည်။

ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများအားလုံးသည် မကြုံစဖူးထုတ်လုပ်မှုစွမ်းအားအမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလုပ်ဆောင်လျက်ရှိကြကြောင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မှုများကြောင့် လုပ်သားရှားပါးမှု ဖြစ်ပေါ်ခဲ့သည်ထိ ကြုံတွေ့နေရကြောင်း Manturov က ပြောကြားခဲ့သည်။

"တပ်ဖြန့်အသုံးပြုလျက်ရှိတဲ့ စစ်ဘက်စွမ်းဆောင်ရည်တွေကို ထည့်သွင်းတွက်ချက်မယ်ဆိုရင် စုစုပေါင်းလူကြိုက်အများဆုံး လက်နက်အမျိုးအစားတွေနဲ့ အထူးစစ်သုံးစက်ပစ္စည်းကိရိယာတွေကိုထောက်ပံ့ထုတ်လုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေအတွက်ပဲ အထူးကျွမ်းကျင်ပညာရှင် ဦးရေ ၁၆၀၀၀ ကျော် လိုအပ်ပါတယ်"ဟု လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ အောက်ခြေဝန်ထမ်းများက နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများထိ ဝန်ထမ်းပြတ်လပ်မှုကို ဖြေရှင်းပေးရန် လက်ထောက်ဝန်ကြီးချုပ်လည်းဖြစ်သည့် Manturov က ရုရှားနိုင်ငံဒေသပေါင်းစုံမှ အကြီးအကဲများကို ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့ ဤနေရာတွင် ပေါင်းစပ်ချဉ်းကပ်မှုတစ်ခု လိုအပ်သည်ဟု ဒေသအုပ်ချုပ်ရေးမှူးများကို အလုပ်အကိုင်ဝန်ဆောင်မှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်ရန် တိုက်တွန်းသည့်အပြင် ကာကွယ်ရေး၊ စက်မှုလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လာစေရေး တက္ကသိုလ်ဘွဲ့ရများကို မက်လုံးများပေး၍ စည်းရုံးဆွဲဆောင်ရန်ပါ အုပ်ချုပ်ရေးမှူးများကို Manturov က တိုက်တွန်းမှာကြားခဲ့သည်။

Volga Federal ခရိုင်တစ်ခုတည်းတွင် လက်နက်၊ စက်ကိရိယာများနှင့်ခဲယမ်းမီးကျောက်များ တိုးချဲ့ထုတ်လုပ်ရန်နှင့် အရှိန်မြှင့်တင်ရန်အတွက် လုပ်ငန်းစုပေါင်း



၁၀၆ ခုသည် အစိုးရထောက်ပံ့ငွေများရရှိနေကြောင်း Manturov က မှတ်ချက်ပြုခဲ့ပြီး နောက်ထပ်စာချုပ်ပေါင်း ဒါဇင်များစွာကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရုရှားစစ်ဘက်-စက်မှုဇုန်သည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ရုရှားစစ်ဘက်ကို ပံ့ပိုးကူညီရန်အတွက် ကုန်ထုတ်စွမ်းအားများ တိုးချဲ့လုပ်ဆောင်လာခဲ့သည်။ အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ယူကရိန်းသို့ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံတန်ဖိုးရှိ လက်နက်များ၊ စက်ပစ္စည်းကိရိယာများနှင့် ခဲယမ်းမီးကျောက်များ ပေးပို့ခဲ့ပြီး ၎င်းတို့သည် ပဋိပက္ခတွင် ပါဝင်သည့်နိုင်ငံများမဟုတ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

အနောက်နိုင်ငံများသည်လည်း စစ်ဘက်စက်မှုလုပ်ငန်း ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ရန်ကြိုးပမ်းခဲ့သော်လည်း ယခုအချိန်ထိ အောင်မြင်မှုအနည်းငယ်သာ တွေ့ရှိရသေးသည်။

ဆိုဗီယက်ယူနီယံခေတ်အတွင်း Go-rky ဟုခေါ်သော Nizhny Novgorod မြို့သည် ရုရှားနှင့်ကာဇန်ကြား လမ်းတစ်ဝက်ခန့်တွင် ဗော်ဂါမြစ်ပေါ်တွင် တည်ရှိသည်။

၁ ဒသမ ၂ သန်းခန့် အင်အားရှိ အရေးပါသော ရုရှားစစ်ဘက်-စက်မှုလုပ်ငန်း အသိုင်းအဝန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် အမြောက်နှင့်ကျည်ဆန်များကို ထုတ်လုပ်သည့် Almaz-Antey ၏ လုပ်ငန်းခွဲ NMSZ လုပ်ငန်းစုများ တည်ရှိရာမြို့လည်းဖြစ်သည်။

**Russia reveals rapid growth in military production ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

**☆ ကျောဖုံးမှအဆက်**

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၁၀ ကြိမ်မြောက်ဖြစ်ပြီး ယခင်အစည်းအဝေး ကိုးကြိမ်၌ ဆုံးဖြတ်ချက် ၃၁၁ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိအနေဖြင့်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ အမှုတွဲ ၇၀၁၁ မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ၁၂၇ ဒသမ ၀၅၄ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက များစွာတိုးတက်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

သို့သော် တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေကြကြောင်းကို ကြားသိနေရကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဧပြီလထိ စာရင်းတွင် ထိုင်းနိုင်ငံစာရင်းအရ ထိုင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၃၂ ဘီလီယံဖြစ်ပြီး မိမိတို့ဘက်က စာရင်းအရ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၃ ဘီလီယံဖြစ်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ ဘီလီယံကွာခြားနေသည့်အတွက် ၎င်းသည် တစ်နှစ်အတွင်း တရားမဝင် ကုန်သွယ်မှုများဖြစ်သည်ဟု သုံးသပ်ရကြောင်း။

တရားမဝင် ကုန်သွယ်မှုဖြစ်ပေါ်ရခြင်း အဓိကအကြောင်းရင်းများမှာ **"အစိုးရ၏မူဝါဒ၊ ရောင်းလိုအားနှင့်ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန်လုပ်ငန်းဝန်းကျင်"** စသော အခြေခံကျသည့်အချက်များအပြင် နိုင်ငံအတွင်း လုံခြုံရေးအရလိုအပ်ချက်ရှိနေသဲ နယ်စပ်ဒေသများရှိနေခြင်း၊ နယ်စပ်ဒေသများသည် ရှည်လျားပြီး နှစ်နိုင်ငံချင်း လွယ်ကူစွာဖြတ်သန်းနိုင်သည့်နေရာ အများအပြားရှိခြင်းကြောင့် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ခက်ခဲခြင်း၊ ဥပဒေရေးရာအားနည်းချက်များရှိခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အားနှင့် စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် အကျင့်ပျက်မှုများရှိနေခြင်း စသည့်အချက်များကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများဖြစ်ကြောင်း။

နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင်ရှိသည့် တရားမဝင်ဝင်ထွက်ပေါက်များ၊ မှောင်ခိုရှောင်ကွင်းလမ်းများအပြင် တာဝန်ကျနိုင်ငံ့ဝန်ထမ်းအချို့၏ အားနည်းချက်များကြောင့် တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်းပိုင်းအထိ ဖမ်းဆီးဖော်ထုတ်သည့်ကြားမှ ဝင်လာဆဲဖြစ်၍ အဆိုပါတရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းနိုင်မည့် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေး အရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယင်းကိစ္စကို ကုန်သည်အချင်းချင်းသိရှိပြီးဖြစ်၍ နိုင်ငံ့အကျိုးစီးပွား၊ မိမိကိုယ်ကျိုးစီးပွားကြည့်ပြီး သက်ဆိုင်ရာကို သိလျှင်သိခြင်း အသိပေးအကြောင်းကြားပေးရန်လိုအပ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့နိုင်ငံ့စီးပွားရေးအပေါ် ထိုးနှက်ချက်များပင်ဖြစ်ကြောင်း"**ဟုပြောကြားခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် သယံဇာတများကို တရားမဝင်တူးဖော်သည့် ဘက်ဟိုးယန္တရား ၅၇ စီး၊ ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၅၃၁ ဘီလီယံဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ တရားမဝင်သစ်မျိုးစုံ အမှုတွဲ ၁၄၆၂ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၄ ဒသမ ၄၂၀ ဘီလီယံ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိမှုစုစုပေါင်း၏ ၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွင်း သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုများသည် ရှိနေဆဲပင်ဖြစ်ကြောင်း။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုကိုလည်း ထိထိရောက်ရောက်တားဆီး၊ စစ်ဆေး အရေးယူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်ပြီး လမ်းခရီးတွင်ရှိသောဂိတ်များ၌ မလိုလားအပ်သည့်ကုန်ကျစရိတ်များ မရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်"**ဟု မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများမရှိစေရေး၊ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လာဘ်ပေးလာဘ်ယူမှုများကို စိစစ်ဖော်ထုတ်တွေ့ရှိပါက တာဝန်ရှိသူအဆင့်ဆင့်ကို ထိထိရောက်ရောက်အရေးယူရန် မှာကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများသည် ရှောင်ကွင်းလမ်းများ အသုံးပြုသယ်ဆောင်မှုများရှိသကဲ့သို့ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းအတိုင်း စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးဂိတ်များကို ငွေပေးပြီး ဖြတ်သန်းနေမှုများလည်းရှိနေကြောင်းကို ဖမ်းဆီးရမိစစ်ကြောချက်များအရ သိရှိရကြောင်း၊ အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် OSS ဌာနဆိုင်ရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူရသည့် စစ်ဆေးရေးဂိတ်၊လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများ မရှိအောင် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်းနှင့် ပြည်ထောင်စုအဆင့်က ဝင်ရောက်စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့လျှင် သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းများအပြင် တာဝန်ရှိသူအဆင့်ဆင့်ကိုပါ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် ဇွန်လ၏ ဖမ်းဆီးရမိမှုကို သုံးသပ်ရလျှင် ယခင်လထက် ဖမ်းဆီးရမိမှုများသော်လည်း ကုန်ပစ္စည်းအုပ်စုအလိုက် သုံးသပ်ချက်အရ ဖမ်းဆီးရမိမှုလချုပ် ခန့်မှန်းတန်ဖိုးကျပ် ၁၁ ဒသမ ၈၁၆ ဘီလီယံသည် မော်တော်ယာဉ်အုပ်စုက ကျပ် ၇ ဒသမ ၈၂၂ ဘီလီယံဖြစ်ပြီး ယခင်လထက် ကျပ် ၄ ဒသမ ၂၅၄ ဘီလီယံ ပိုလာသော်လည်း ကျန်အုပ်စုများဖြစ်သည့် လယ်ယာထွက်ကုန်၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အရှင်များမှာ ဖမ်းဆီးရမိမှုလျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း၊ စခန်းအလိုက်ပြန်ကြည့်ပါက ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ အဓိကစစ်ဆေးရေးစခန်းများဖြစ်သည့် မရမ်းချောင်၊ ကော့ကရိတ်တံတားကျိုး၊ မူဆယ် ၁၀၅ မိုင်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများမှာ သိသိသာသာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရကြောင်း၊ တရားမဝင် ကုန်သွယ်မှုများရှိနေသော်လည်း ဖမ်းဆီးရမိမှုလျော့နည်းကျဆင်းရခြင်းသည် သက်ဆိုင်ရာအထူးအဖွဲ့များနှင့်တာဝန်ကျဌာနဆိုင်ရာများ၏ တားဆီးစစ်ဆေးမှုများ အားနည်းသည်ဟု သုံးသပ်ရမည်ဖြစ်ကြောင်း။

ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက် ကုန်တင်ယာဉ်များ စစ်ဆေးမှုလွယ်ကူစေရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ကုန်တင်လှော်စနစ် စမ်းသပ်အသုံးပြုခဲ့ကြောင်း၊ စမ်းသပ်ကာလ ခြောက်လပြည့်ပြီဖြစ်သည့်အတွက် ဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့် ကုန်သည်လုပ်ငန်းရှင်များ ကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းပြီးသုံးသပ်တင်ပြပေးရန်လိုကြောင်း၊ သို့မှသာ ၎င်းစနစ်ကို ဆက်လုပ်ရန် သင့်၊ မသင့် ဆုံးဖြတ်ပေး၍ ရမည်ဖြစ်ကြောင်း။

ကွန်တိန်နာ၊ အလုံပိတ်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ်ကို အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေကြသည်မှာ ကြာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း E-Lock စနစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရန် တွန်းအားပေးပြောကြားလိုကြောင်း၊ ပို့ကုန် ကုန်တင်ယာဉ်များကို စစ်ဆေးရာတွင် လွယ်ကူလျင်မြန်စေရန် QR ကုဒ်စနစ်နှင့်စစ်ဆေးနေကြောင်း၊ QR ကုဒ်တွင်ပါသည့် ပို့ကုန်အမျိုးအစား၊ တန်ချိန်နှင့် ကုန်တင်ယာဉ်ပေါ်တွင်ပါလာသည့် အမျိုးအစား၊ တန်ချိန် ကိုက်ညီရန်လိုကြောင်းကိုလည်း စစ်ဆေးသည့်ဝန်ထမ်းများက အထူးဂရုပြုစစ်ဆေးရန် မှာကြားလိုကြောင်း။

ကုန်ပစ္စည်းများ စစ်ဆေးရာတွင် Manual စစ်ဆေးခြင်းထက် ICT နည်းပညာအသုံးပြုသည့်နည်းလမ်း၊ X-ray စက်များနှင့်ရှာဖွေစစ်ဆေးနိုင်လျှင် အချိန်ကုန်သက်သာပြီး တွေ့ရှိဖမ်းဆီးမှုပိုတက်လာနိုင်သကဲ့သို့ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည့်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် အသုံးပြုနေသည့် ရှာဖွေတားဆီးစစ်ဆေးခြင်းစနစ်များကိုလည်းလေ့လာပြီး စီမံဆောင်ရွက်ထားသင့်ကြောင်းနှင့် ယခုစစ်ဆေးမှုပုံစံထက် ပိုမိုခေတ်မီစနစ်ကျသည့် အစီအမံရှိပါကလည်း တင်ပြရန်လိုကြောင်း။

ကုန်သွယ်မှုလုပ်ငန်းများတွင် Online စနစ်များဖြစ်သည့် အကောက်ခွန်ဦးစီးဌာနမှ သွင်းကုန်၊ ပို့ကုန်ကြေညာလွှာ ထုတ်ပေးရာတွင် အသုံးပြုနေသည့် MACCS စနစ်၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်လိုင်စင်ထုတ်ပေးရာတွင် အသုံးပြုနေသည့် Myanmar Tradenet 2.0 စနစ်၊ တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီမှတ်ပုံတင်ရာတွင် အသုံးပြုသည့် MyCo စနစ်များကိုအသုံးပြုဆောင်ရွက်ခြင်းသည် အင်မတန်ကောင်းမွန်သည့်စနစ်များဖြစ်ကြောင်း၊ သို့သော် မည်သည့်စနစ်တွင်မဆို အလုံးစုံပြီးပြည့်စုံသည်ဟု မရှိကြောင်း၊ စနစ်အသုံးပြုရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်များကို အမြဲမပြတ်စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း။ အချို့ခေတ်မီသည့်နိုင်ငံများတွင် နည်းစနစ်များ၏ ကောင်းမွန်မှုများကြောင့် ဝန်ထမ်းအင်အားအနည်းငယ်ကိုသာ အသုံးပြုပြီး ကုန်သွယ်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ပြင် ဦးဆောင်ကော်မတီ၏(၃/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဌာနဆိုင်ရာအချင်းချင်း Online စနစ်နှင့် လုပ်ငန်းဆောင်ရွက်နိုင်မည့် National Single Window စနစ်နှင့် မြန်မာ-ထိုင်းနယ်စပ်တွင် စတင်စမ်းသပ်ဆောင်ရွက်နိုင်မည့် Single Window Inspection (SWI) နှင့် Single Stop Customs Inspection(SSCI) လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တိုးတက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများကို သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ် တင်ပြပေးရန်လိုကြောင်း၊ ဝန်ထမ်းများနှင့်ဆောင်ရွက်သည့်နေရာတွင် နည်းစနစ်နှင့် အစားထိုးဆောင်ရွက်မှုသာ ပိုမိုထိရောက်မှန်ကန်မည်ဖြစ်ပြီး အချိန်နှင့် ကုန်ကျစရိတ် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများက နည်းစနစ်များ မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရာတွင် မည်သို့သောစိန်ခေါ်မှုများရှိနေပါစေ အောင်မြင်အောင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက်တားဆီးစစ်ဆေးအရေးယူကြရန်လိုကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများ မရှိစေရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကုန်တင်လှော်စနစ် ဆောင်ရွက်မှုသုံးသပ်တင်ပြရန်လိုကြောင်းနှင့် E-Lock စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအသုံးပြုနေသည့် နည်းပညာပိုင်းဆိုင်ရာစနစ်များကို အမြဲမပြတ်စောင့်ကြည့်သုံးသပ်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းအင်အားအသုံးပြုလုပ်ငန်းဆောင်ရွက်ရသည့် နေရာတွင် ခေတ်မီနည်းစနစ်နှင့် အစားထိုးနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အထူးအဖွဲ့များနှင့် One Stop Service ဌာနဆိုင်ရာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်ကော်မတီ အစည်းအဝေး (၃/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

**တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေး အရေးယူနိုင်ရေး ဆောင်ရွက်ကြရမှာဖြစ်၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင် ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများ မရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်. . .**

# ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နယ်စပ်ဝင်ထွက်ပေါက်များတွင် လုပ်ငန်းများလွယ်ကူချောမွေ့စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၇**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ ထောက်ပံ့ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းလုပ်ငန်းများပါဝင်သော စီးပွားရေးလုပ်ငန်းအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နယ်စပ်ဝင်ထွက်ပေါက်များတွင် လုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာများ၊ ရေထွက်ကုန်များနှင့် အသီးအနှံများကို ကုန်တင်လေယာဉ်များဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံ၌ လေယာဉ်မောင်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ချန်ဒူးဒေသ စီးပွားရေးလုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းကို လက်ခံတွေ့ဆုံစဉ်။**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ဦးဆောင်ကော်မတီ၏လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်၊ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌတို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၃)သို့တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့က မြန်မာ-ထိုင်းနှစ်နိုင်ငံ ပို့ကုန်သွင်းကုန် နှိုင်းယှဉ်ချက်၊ တရားမဝင်လမ်းကြောင်းများမှ တရားမဝင်ကုန်ပစ္စည်းများတင်သွင်းမှုမရှိစေရေး၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများ၊ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ E-Lock စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု၊ QR Code ဖြင့် စစ်ဆေးဆောင်ရွက်နိုင်မှုများနှင့် ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အစည်းအဝေး(၄/၂၀၂၃) ဆုံးဖြတ်ချက်(မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၇**

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ကြသည်။ ထို့နောက် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းကို တိုင်းစစ်ဌာနချုပ်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပစဉ်။**

ကျောင်းသူများ၊ စံပြစစ်သည်ဆုရရှိသူများ၊ ကဗျာဝတ္ထုစာမူထူးချွန်ဆုရရှိသူ၊ ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူများ၊ သင်တန်းထူးချွန်ဆုရရှိသူများ၊ အိမ်ထောင်သည်လိုင်း ဘက်စုံထူးချွန်ဆု၊ စိုက်ပျိုးရေးထူးချွန်ဆု၊ မွေးမြူရေးထူးချွန်ဆုနှင့် သန့်ရှင်းရေးထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးကြသည်။

ညပိုင်းတွင် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများသည် တိုင်းနှစ်ပတ်လည်နေ့ညစာစားပွဲကို ပျော်ရွှင်စွာ ကျင်းပပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၅၃/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရေချိုငါးလုပ်ငန်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရေချိုငါးလုပ်ငန်းဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၀/ ၂၀၂၃)**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

**"ဝ"အမျိုးသားပါတီ(WA NATIONAL PARTY)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်မြေ(၂) ရပ်ကွက်(၁)၊ သာယာလမ်း အမှတ်(၄၀)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **"ဝ"အမျိုးသားပါတီ**(WA NATIONAL PARTY)ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**"ဝ"အမျိုးသားပါတီ**(WA NATIONAL PARTY)၏ မှတ်ပုံတင်အမှတ်မှာ (၃၅)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ် (၉/ ၂၀၂၃) သင်တန်းဆင်းပွဲ ပြုလုပ်စဉ်။**

# မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ လုပ်ငန်းခွင်အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်းအမှတ်စဉ်(၉/ ၂၀၂၃)သင်တန်းဆင်းပွဲ ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ရှိ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာ သင်တန်းအမှတ်စဉ်(၉/ ၂၀၂၃)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကောလိပ်ရှိ ပညာညီလာခံခန်းမ၌ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝိုးမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က အမှာစကားများအသီးသီးပြောကြားကြပြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အကအလှများ၊ သီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးကို နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် IDA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကူညီဆောင်ရွက်လျက်ရှိ



ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းတို့မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဂုံးချိန် ကျေးရွာအုပ်စုရှိ ရွှေဟောင်းသမိုင်းဝင် ကျောက်တစ်လုံးဘုရားနှင့်ကျောက်တစ်လုံး ဘုန်းတော်ကြီးကျောင်းတို့၌ ကျောက်ဖြူ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့်မြို့ပေါ် ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးဆောင်ရွက်နေသူများကို တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးဝေလှူဒါန်းသည်။ ယင်းနောက် ကျောက်တစ်လုံး မဟာဗောဓိတပ်ဦးကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဘာသအား ဖူးမြော်ကြည်ညိုပြီး မြို့နယ်အတွင်းရှိ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက် မြို့မဓမ္မာရုံ၌ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်းတို့မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အမှတ်(၅) တောင်ရပ်ကွက်ရှိ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေနေသော ကန်တော်ကြီးအား ရေပေးဝေနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး မြို့သစ်တောင်ရပ်ကွက်ရှိ မြို့မအားကစားကွင်းတွင် အားကစားပြိုင်ပွဲကျင်းပနိုင်ရေးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရမ်းဗြဲမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဇော်မင်းအေးသည် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များရှင်းလင်းပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ရမ်းဗြဲမြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ဆီ၊ဆား၊အသား၊ငါး၊ကြက်ဥ၊ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့်တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ငါးပိကြော်ဘူး၊ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “ Wai Yan” အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ကျေးရွာနေ ဝေယံကို ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရေဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၁၈ ရက်မှ ယနေ့ထိပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၇**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးက ခုံအမှတ်(၃)ရှိ စစ်တုရင်ပထမဆုံး ရွှေ့ကွက်ကို ရွှေ့ပေးပြီးပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ခုနစ်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ငါးဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဇူလိုင် ၂၀ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့ပြင် ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များကို လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ် လူငယ် မောင်မယ်များအား ပညာသင်ကြားပေးနေသူများကိုဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)တို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၇ ရက် ကြာသပတေးနေ့**

၁။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်အပါအဝင် ဆရာ၊ ဆရာမ ငါးဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဇူလိုင် ၂၀ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များသင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်လုပ်ကြံခြင်းစသည့် လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာလုပ်ဆောင်နေသော PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ရပ်များအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့်ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ခုနစ်ဦးတို့ကို PDF အမည်ခံအကြမ်းဖက်သမားများက အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များသင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးကိုလည်း လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံသွားကြောင်း သတင်းများကိုစိတ်မချမ်းမြေ့ဖွယ်ရာကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



ဆရာတော်ထံ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၂၀၀ တွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များနှင့် သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်များအား ဒွါဒသမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ပြုလုပ်ရာ ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ကိုလည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်များအား သီလရှင်ဝတ်စုံများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ကိုလည်းကောင်း အသီးသီးဆက်ကပ် လှူဒါန်းကြသည်။ ၎င်းနောက် ပုသိမ်မြို့ မရမ်းချို့ပရိယတ္တိစာသင်တိုက်ဆရာတော် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ အနုမောဒနာတရားနာယူကြပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ လားရှိုးမြို့ မဟာဗောဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဗောဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဇမ္ဗူအေးအေတီတပ်ဦး ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာ ကျောင်းဝင်းအတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၃ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၅ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကြည့်ရှုအားပေးစဉ်။

# လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၂၇**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်နှင့်တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ကျန်းမာရေးအခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# ဇူလိုင် ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ကိုးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၀၂၅ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၇၉၉ ဦး |

**နေပြည်တော် ဇူလိုင် ၂၇**

ဇူလိုင် ၂၆ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၄၂ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးရာသီတွင်ဘေးကင်းစွာနေထိုင်နိုင်ရေး သတိပြုဆင်ခြင်သင့်သည့်အချက်များ

မေဇင်ထွန်း

မိုးစက်များရွာသွန်းသောအသံ၊ မြေသင်းနံ့၊ ပန်းပွင့်များအစီအရီဖူးပွင့်နေသည့် မြက်ခင်းစိမ်းများ၊ စိမ်းလန်းစိုပြည်နေသော သစ်ပင်များဖြင့် မျက်စိပသာဒဖြစ်သောမြင်ကွင်းများကို မကြိုက်သူမရှိသလောက်ပင်ဖြစ်သည်။ စိုစွတ်သောမုတ်သုံရာသီကို မနှစ်သက်စေသော အကြောင်းများစွာရှိသကဲ့သို့ နှစ်သက်ရန်အကြောင်းရင်းများစွာလည်းရှိသည်။ မိုးရာသီတွင် နွေရာသီကဲ့သို့ ပူလောင်သောရာသီဥတုဒဏ်ကိုမခံရသဖြင့် နေ၏ပူပြင်းသောနေရောင်ခြည်မှ များစွာသက်သာရာရစေသည်။ သို့သော်လည်း လမ်းမတော်တဆမှုများမှစပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုထိလည်း ဖြစ်နိုင်သဖြင့် စိုစွတ်သောမိုးရာသီတွင် ဘေးကင်းစွာ နေထိုင်နိုင်ရေးနှင့်ပတ်သက်၍ သတိပြုလိုက်နာ ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ဖော်ပြသွားပါမည်။ ယခုဖော်ပြပါ အကြောင်းအရာများသည် သင်နှင့် သင့်မိသားစုကို ဘေးကင်းစေမည့် ကြိုတင်ကာကွယ်မှုတချို့သာဖြစ်ပါသည်။

**ပြတ်ကျနေသောဓာတ်ကြိုးများကို ရှောင်သွားပါ**

မိုးရာသီတွင် မိုးရွာသွန်းကာ လေပြင်းများတိုက်ခတ်မှုကြောင့် ပြိုကျသော သစ်ပင်ပေါင်းများစွာကို လမ်းမများပေါ်၌ များစွာတွေ့နိုင်သည်။ ထိုသို့ပြိုလဲကျနေသောသစ်ပင်များသည် ပြိုကျရာတွင် အနီးရှိဓာတ်ကြိုးများနှင့်ငြိကာ သစ်ပင်၏အလေးချိန်ကြောင့် ဓာတ်ကြိုးများ ပြတ်ကျတတ်သည်။ မိုးရာသီလည်းဖြစ်သဖြင့် စိုစွတ်နေသောပတ်ဝန်းကျင်တွင် ပြတ်ကျနေသောဓာတ်ကြိုးများတွေ့ရှိပါက မိမိသဘောအလျောက် ကိုင်တွယ်ခြင်းမပြုဘဲ ကျွမ်းကျင်သူများကိုခေါ်၍ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ရပါမည်။ သို့တည်းမဟုတ်ပါက ပြတ်ကျနေသော ဓာတ်ကြိုးများတွင် လျှပ်စစ်စီးနေလျှင် စိုစွတ်သော ပတ်ဝန်းကျင်၏အနေအထားကြောင့် ဓာတ်လိုက်သေဆုံးမှုများဖြစ်တတ်သည့်အတွက် ဓာတ်ကြိုးပြတ်များကို ကိုင်တွယ်ခြင်းမှရှောင်ကြဉ်ပါ။ ထိုအချက်မှာ အရေးကြီးဆုံးသော ဘေးကင်းရေးအကြံပြုချက်တစ်ခုဖြစ်သည်။

ကလေးများသည် ဆော့ကစားတတ်သည့်အတွက် ပြတ်ကျနေသော ဓာတ်ကြိုးများနှင့် ဝေးဝေးတွင်နေရန် အရေးကြီးကြောင်းကိုလည်း အသိပညာပေးသင်ကြားပေးထားသင့်သည်။ ထို့ပြင် မိုးရွာပြီးချိန်ရေအိုင်ထဲ ဓာတ်ကြိုးများကျနေလျှင် လျှပ်စီးကူးနိုင်သည့်အတွက် ဖြစ်နိုင်လျှင် ဝေးဝေးမှရှောင်သွားသင့်သည်။ မိုးသည်းထန်စွာရွာသွန်းပြီးချိန်တွင် ဓာတ်ကြိုးများ ပြတ်တောက်သွားတတ်သောကြောင့် မိမိနေထိုင်ရာ ဧရိယာပတ်ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်တိုင်များလဲကျလျှင် သတိထားပြီး လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်များကို အသိပေးပါ။ ထိုသို့အချိန်မီသက်ဆိုင်ရာတာဝန်ရှိသူများကို သတင်းပေးခြင်းဖြင့် ဓာတ်ကြိုးပြတ်ကျခြင်း၊ ဓာတ်တိုင်များလဲကျနေခြင်းကိုသတိမပြုမိဘဲ သွားလာနေသော လမ်းသွားလမ်းလာများကို မတော်တဆမှုများမှ ကယ်တင်ရာလည်းရောက်ပါသည်။

**မိုးရေထဲ လမ်းလျှောက်ခြင်းကို ရှောင်ပါ**

မိုးရေထဲတွင် လမ်းလျှောက်လျှင် မှုပိုးဝင်နိုင်ပါသည်။ မိုးရေထဲတွင် လမ်းလျှောက်ခြင်း သို့မဟုတ် ဗွက်အိုင်ထဲတွင် ခုန်ပေါက်ကစားရခြင်းသည် ပျော်စရာကောင်းလှသော်လည်း ထိုရေများသည် မသန့်ရှင်းပေ။ ထို့အတွက် မိုးရာသီတွင်လိုက်နာရမည့် နောက်တစ်ချက်မှာ လမ်းပေါ်ရှိရေအိုင်၊ ဗွက်အိုင်များနှင့် ဝေးဝေးနေရန်ဖြစ်သည်။ ရေအိုင်၊ ဗွက်အိုင်များအတွင်းရှိရေများသည် သန့်ရှင်းသည်ဟု ထင်ရသော်လည်း ၎င်းတို့တွင် ဗက်တီးရီးယားပိုးများစွာပါဝင်သောကြောင့် ဗိုင်းရပ်စ်ရောဂါများနှင့် မှိုပိုးကူးစက်မှုများစွာကိုဖြစ်စေနိုင်သည်။ ဆီးချိုဝေဒနာရှင်များတွင် အခြားသူများထက် ပို၍အန္တရာယ်ရှိသည်။ အိမ်မှလုပ်ငန်းခွင်သို့သွားရန် ဗွက်အိုင်ထဲသို့ လျှောက်ရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိပါက ခြေထောက်ကို ဆပ်ပြာနှင့်သေချာစွာပွတ်တိုက်ပြီး ရေသန့်ဖြင့်ပြန်ဆေးကြောပါ။ ထို့ပြင် မိုးတွင်းတွင် မိုးများမကြာခဏရွာတတ်သဖြင့် မခြောက်သော၊ စိုစွတ်သောခြေအိတ်များ သို့မဟုတ် စိုစွတ်သောဖိနပ်များ ဝတ်ဆင်ခြင်းကို ရှောင်ပါ။ ထိုခြေအိတ်၊ ဖိနပ်အများစုတွင် ပိုးမွှားမျိုးစုံပါဝင်နိုင်သောကြောင့် မဝတ်ပါနှင့်။ မသန့်သောရေနှင့်မထိတွေ့အောင် လည်ရှည်ဖိနပ်၊ ရော်ဘာဖိနပ်များဝတ်ဆင်ခြင်းသည် မုတ်သုံရာသီတွင်အသင့်တော်ဆုံးဖြစ်သည်။

**ခြင်ကိုက်မခံရအောင် သတိထားပါ**

ခြင်ဆေးခွေများ ထွန်းထားခြင်းသည် လူကြီးများနှင့် ကလေးငယ်များကို ခြင်ကိုက်မခံရစေအောင် ကာကွယ်သော နည်းလမ်းများထဲမှ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ မိုးရာသီဟုဆိုလိုက်သည်နှင့် စိုစွတ်သောရာသီဥတုကို ကြိုက်နှစ်သက်သည့် ခြင်၊ ယင်နှင့် အခြားပိုးမွှားများကို ဦးစွာပြေးမြင်မိကြပါလိမ့်မည်။ ခြင်ကြောင့် ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါများ၊ ယင်ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်တတ်သဖြင့် ကြိုတင်ကာကွယ်ခြင်းသည်ဖြစ်ပြီဆိုမှ ကုသခြင်းထက် ပိုကောင်းသဖြင့် ခြင်၊ ယင်နှင့် အခြားသောပိုးမွှားများဘေးကို ဂရုပြုရမည်ဖြစ်သည်။ ခြင်များသည် ရေသေအိုင်များတွင် ဥများဥလေ့ရှိသောကြောင့် မုတ်သုံရာသီသည် ဤကြောက်စရာကောင်းသော အင်းဆက်များအတွက် ပြီးပြည့်စုံသော မျိုးပွားရာသီဖြစ်လာသည်။ ထို့ကြောင့် ၄က်ဖျား၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါတို့မဖြစ်စေရန်၊ ပိုးမွှားများ ဘေးရန်ကင်းစေရန် အီလက်ထရွန်နစ် ခြင်ဆေးများသုံးခြင်း၊ နေအိမ်များတွင် ခြင်ဆေးဖျန်းခြင်း သို့မဟုတ် ခြင်ဆေးခွေများထွန်းခြင်းဖြင့် ကြိုတင်ကာကွယ်သင့်သည်။

အင်းဆက်ပိုးမွှားသတ်ဆေးဖျန်းရာတွင် အစားအစာများကိုမထိအောင် သေချာစွာဖုံးအုပ်ပြီးမှ ဖျန်းရမည်ဖြစ်ပြီး ထိုအငွေ့များကို တိုက်ရိုက်မရှူမိစေရန် လိုအပ်သောဝတ်စုံများ ဝတ်ဆင်ပြီးမှ ဖျန်းသင့်သည်။ ခြင်နှင့်အခြားသော အင်းဆက်ပိုးမွှားများ အောင်းနိုင်သည့် အိုးခွက်အပုံများ၊ ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှင်းလင်းထားသင့်သည်။ ထို့ပြင် ခြင်ကိုက်မခံရစေရန် အကျီလက်ရှည်၊ ဘောင်းဘီရှည်များကို ဝတ်ဆင်ထားသင့်သည်။ မလိုအပ်ပါက ခြင်ပိုကိုက်သောနေရာများဖြစ်သည့် အမှောင်ထဲတွင်၊ အပြင်ဘက်တွင်ထိုင်ခြင်းမှ ရှောင်ကြဉ်ပါ။ ပြတင်းပေါက်များတွင် ခြင်လုံဆန်ခါများတပ်ဆင်ခြင်းနှင့် အိပ်စက်လျှင် ခြင်ထောင်များကို အသုံးပြုခြင်းသည် မိုးရာသီတွင် သင်နှင့်သင့်မိသားစုကို ကျန်းမာစေမည့် အဓိက ဘေးကင်းရေး ကြိုတင်ကာကွယ်မှုတစ်ခုဖြစ်သည်။



**စက်တပ်ယာဉ်များကို ဖြည်းဖြည်းနှင့် ဂရုတစိုက်မောင်းနှင်ပါ**

မိုးရာသီတွင် အရှိန်ပြင်းစွာမောင်းနှင်ခြင်းနှင့် အခြားသောယာဉ်နောက်မှ ကပ်လိုက်၍မောင်းခြင်းများကိုရှောင်ကြဉ်ပါ။ အဘယ်ကြောင့်ဆိုသော် မုတ်သုံရာသီတွင် ယာဉ်မတော်တဆမှုများမှာ အဖြစ်များသောကြောင့်ဖြစ်သည်။ ယာဉ်မောင်းများအနေဖြင့် ယခုရာသီဥတုတွင် အထူးသတိပြုဆင်ခြင်မောင်းနှင်ရန်လိုအပ်သည်။ စိုစွတ်သောလမ်းမများ၊ လမ်းကောက်ကြောင်းများသည် အတော်လေးချောသဖြင့် အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်တစ်စီးနှင့်တစ်စီး ကပ်၍လိုက်ခြင်းများကို ရှောင်ရှားသင့်သည်။ သို့တည်းမဟုတ်ပါက ယာဉ်များထပ်ကာ မတော်တဆမှုများဖြစ်တတ်သဖြင့် နောက်ကမောင်းနှင်ရပါက ယာဉ်နှစ်စီးကြား အကွာအဝေးတစ်ခုသတ်မှတ်ကာ မောင်းနှင်ခြင်းဖြင့် မိုးရာသီအတွင်း ယာဉ်မတော်တဆဖြစ်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ အရှိန်ဖြင့်မောင်းလာပြီး ရုတ်တရက်ကွေ့ခြင်း၊ လှည့်ခြင်းမျိုးလည်း ရှောင်ရပါမည်။

ထို့ပြင် မိုးရွာနေချိန်တွင် မော်တော်ဆိုင်ကယ်များ စိုစွတ်သောလမ်းများပေါ်၌ချော်၍ ဆိုင်ကယ်မှောက်ခြင်းများဖြစ်တတ်သောကြောင့် သတိထားပါ။ ကားမောင်းလျှင် မိမိပတ်ဝန်းကျင်ကဆိုင်ကယ်များ မှောက်၍ ကားများကိုတိုက်မိသည့် မတော်တဆမှုများလည်းများစွာရှိသဖြင့် သတိပြုဆင်ခြင်သင့်သည်။ မိုးရာသီတွင် အရေးကြီးဆုံး လမ်းအန္တရာယ်ကင်းရှင်းရေးအကြံပြုချက်တစ်ခုမှာ မိုးသည်းထန်စွာ ရွာသွန်းနေသော်လည်း သင့်ကားကို အဝေးမှ သတိပြုမြင်နိုင်စေရန် သင့်ကား၏ရှေ့မီးများကိုဖွင့်ထားပါ။ ယခုလိုရာသီဥတုမျိုးတွင် ကားမမောင်းခင် လောင်စာဆီ၊ ဘရိတ်၊ တာယာနှင့် Wiper များကို စစ်ဆေးရန်မမေ့သင့်ပါ။

**အီလက်ထရွန်နစ်ပစ္စည်းများကို အသုံးမပြုပါက ပလတ်ဖြုတ်ထားပါ**

သင်နေထိုင်သောဧရိယာသည် ရေကြီးနိုင်ခြေရှိလျှင် အီလက်ထရွန်နစ်စက်ပစ္စည်းအားလုံးကို ပလတ်ဖြုတ်ထားပါ။ သို့မှသာ မိုးရာသီတွင် ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ်ကို ကာကွယ်ပြီးသားဖြစ်မည်ဖြစ်သည်။ အိမ်အတွင်းရှိ လျှပ်စစ်ဝိုင်ယာကြိုးများသည် လေထုထဲတွင် စိုထိုင်းဆ သို့မဟုတ် မိုးရေကြောင့် စိုစွတ်နေပါက အဆိုပါပစ္စည်းများကိုထိမိလျှင်မည်သူမဆို အန္တရာယ်ရှိနိုင်သည်။ အလားတူ မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ရေကြီးရေလျှံမှုဖြစ်လေ့ရှိသောဧရိယာ၌ နေထိုင်ပါက လျှပ်စစ်မီးကို ပလတ်ထိုးထားစဉ် မမျှော်လင့်ဘဲ ရေကြီးရေလျှံလာလျှင် အဆိုပါပစ္စည်းများသည် များစွာသောအန္တရာယ်ကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် သင့်အိမ်သို့ ရေမဝင်မီ ဘေးကင်းရေးအစီအမံအဖြစ် ရေခဲသေတ္တာနှင့် ရုပ်မြင်သံကြားများကဲ့သို့သော လျှပ်စစ်ပစ္စည်းများကို ပြတင်းပေါက်များနှင့်ဝေးရာသို့ရွှေ့ပြီး ၎င်းကိရိယာအားလုံးကိုပိတ်၍ ပလတ်ဖြုတ်ထားရန် အကြံပြုအပ်ပါသည်။

**ပြတင်းပေါက်များကို သေချာစွာပိတ်ထားပါ**

မိုးရွာနေချိန်တွင် ပြတင်းပေါက်များအားလုံးကို သေသေချာချာပိတ်ထားပါ။ အကြောင်းမှာ မိုးရာသီတွင် ပေါများလှသော ခြင်များနှင့် အခြားပိုးကောင်များ မဝင်ရောက်နိုင်စေရန်ဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းချိန်တွင် အိမ်အတွင်းသို့ ရေဝင်ရောက်ခြင်းမှ ထိုက်သင့်သလောက်ကင်းဝေးစေရန် ပြတင်းပေါက်များပိတ်ခြင်း၊ ရေမြောင်းများကို ရေစီးရေလာကောင်းစေရန် ရှင်းလင်းခြင်းတို့ ဆောင်ရွက်ရန်လည်း လိုအပ်သည်။ မိုးရေစက်များက နံရံဆေးများနှင့် ကြမ်းခင်းများကို ပျက်စီးစေနိုင်သည့်အပြင် ဝိုင်ယာကြိုးများကိုပါ ထိခိုက်စေနိုင်သည်။ ထို့ပြင် ပြတင်းပေါက်များ သို့မဟုတ် တံခါးများအနီးတွင်ထားရှိထားသော အိမ်ထောင်မှုပရိဘောဂပစ္စည်းများကိုလည်း ကာကွယ်ထားရမည်။ ပရိဘောဂပစ္စည်းများသည် စိုစွတ်လာလျှင် ပျက်စီးတတ်သဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် အလွယ်ဆုံးနည်းလမ်းမှာ ၎င်းပစ္စည်းများကို ပလတ်စတစ်အစအကြီးကြီးများဖြင့် ဖုံးအုပ်ထားခြင်းဖြစ်သည်။

**ထီးနှင့် မိုးကာအင်္ကျီကို အမြဲဆောင်ထားပါ**

မုတ်သုံရာသီတွင် သင့်ကားထဲ၌ သို့မဟုတ် သင့်လုပ်ငန်းခွင်တွင် ထီးကိုအမြဲဆောင်ထားပါ။ မုတ်သုံရာသီတွင် ထီးတစ်လက်နှင့် မိုးကာတစ်ထည်ကို မဖြစ်မနေဆောင်ထားသင့်သည်။ ဤအလေ့အကျင့်သည် သင့်ကို မိုးမိခြင်းကြောင့်ဖြစ်လာနိုင်သော နေမကောင်းဖြစ်ခြင်းမှ ကာကွယ်စေနိုင်သည်သာမက မိုဘိုင်းလ်ဖုန်း၊ ပိုက်ဆံအိတ်နှင့် အရေးကြီးကတ်များကဲ့သို့သော အဖိုးတန်ပစ္စည်းများကို မိုးရွာချိန်တွင် ရေစိုပျက်စီးခြင်းများဖြစ်မလာအောင် ကာကွယ်ရာလည်းရောက်သည်။ ထို့ပြင် မိုးရာသီတွင် အရေးကြီးပစ္စည်းများကို ထုပ်ပိုးရန် ရေလုံပလတ်စတစ်အိတ် သေးသေးလေးများဆောင်ထားသင့်သည်။

**အရေးပေါ်သုံးပစ္စည်းကိရိယာများကို ပြင်ဆင်၍ဆောင်ထားပါ**

မကြာခဏ ဓာတ်အားပြတ်တောက်မှုနှင့် ရုတ်တရက်ရေကြီးခြင်းသည် မုတ်သုံရာသီတွင်ဖြစ်လေ့ဖြစ်ထရှိသဖြင့် ထို့အတွက် ကြိုတင်ပြင်ဆင်သင့်သည်။ ထိုသို့ပြင်ဆင်ထားခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို ရုတ်တရက် ကျရောက်လာပါက ပြင်ဆင်မှုရှိခြင်းက သက်သာရာရစေမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာလည်း အမြဲကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သောကြောင့် အထူးသဖြင့် ရေကြီးမှုဖြစ်နိုင်သည့်ဒေသတွင် သင်နေထိုင်ပါက အမြဲကြိုတင်ပြင်ဆင်ထားခြင်းက ပိုကောင်းပါသည်။

ပြင်ဆင်ထားသင့်သောအရာများကို အကြံပြုရလျှင် အောက်ပါအတိုင်းပင်ဖြစ်ပြီး ၎င်းတို့ကို ရေလုံအိတ်တစ်လုံးတွင် စုထည့်ကာ အဆင်သင့်ပြင်ဆင်ထားသင့်သည်။ ထိုပစ္စည်းများထဲတွင် ဘက်ထရီပါဝါသုံးမီးနှင့် ဆေးဝါးများ၊ ရေသန့်၊ ခြင်ကိုက်မခံရနိုင်သည့်လိမ်းဆေး၊ သာမိုမီတာ၊ ရှေးဦးသူနာပြုရာတွင်အသုံးပြုသော ပတ်တီးများနှင့် ဂွမ်းစများ၊ အနာကျက်ဆေး၊ အခြေခံဆေးဝါးများ၊ တာရှည်ခံစည်သွတ်ဘူး၊ ခေါက်ဆွဲခြောက်ကဲ့သို့ အစားအစာများ၊ ဘက်ထရီထည့်သုံးရသော အရေးပေါ်မီး၊ အပိုအဝတ်အစားများနှင့် ခြေအိတ်များကို အသင့်ပြင်ဆင်ထားခြင်းဖြင့် မိုးရာသီတွင်ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များမှ ကင်းရှင်းစွာနေထိုင်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ရေးသားအပ်ပါသည်။

**ကိုးကား**

- 8 Essential Tips on How to Stay Safe During the Rainy Season

# မြေထဲပင်လယ်ဒေသများတွင် အပူချိန်မြင့်တက်ပြီး တောမီးလောင်ကျွမ်းနေ



**ပဲရစ် ဇူလိုင် ၂၇**

မြေထဲပင်လယ်ဒေသများတွင် အပူချိန်မြင့်တက်မှုများဖြစ်ပေါ်နေပြီး မြေထဲပင်လယ်ဒေသများဖြစ်သည့် အီတလီ၊ စပိန်၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ အယ်လ်ဂျီးရီးယားနှင့် ဂရိနိုင်ငံတို့တွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေကာ ပျက်စီးဆုံးရှုံးမှုနှုန်း မြင့်မားနေကြောင်း ပြင်သစ်နိုင်ငံ မာဆေးမြို့အခြေစိုက် မြေထဲပင်လယ် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (MedECC)က ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြေထဲပင်လယ်နှင့် ထိစပ်နေသော နိုင်ငံအမြောက်အမြားတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး အချို့နိုင်ငံများတွင် တောမီးမှာ နေအိမ်များဆီသို့ ကူးစက်သည့်အခြေအနေကြောင့် သေဆုံးသူလည်းရှိနေကြောင်း၊ မြေထဲပင်လယ်ဒေသများအနက် တောမီးကူးစက်လောင်ကျွမ်းမှု အခြေအနေဆိုးရွားနေသည့်နိုင်ငံများမှာ ဂရိနိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့ဖြစ်ကြောင်း၊ ဂရိနိုင်ငံ ရိုဒက်စ်နယ်မြေတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၂၀၀၀၀ ထက်မနည်းရှိနေပြီး ဂရိနိုင်ငံသို့ ရောက်ရှိနေသည့် ကမ္ဘာလှည့်ခရီးသည်များအနက်ဦးရေ ၃၀၀၀ ကျော်ကိုလည်း ဂရိအစိုးရအစီအစဉ်ဖြင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း ဂရိသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အီတလီနိုင်ငံမြောက်ဘက်ပိုင်းတွင်လည်း တောမီးလောင်ကျွမ်းမှုကြောင့် သက်ကြီးရွယ်အိုအမျိုးသမီးတစ်ဦးနှင့် အသက် ၁၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့ပြင် အီတလီတောင်ဘက်ပိုင်းတွင် တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ရပြီး အသက် ၉၈ နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပေါ်တူဂီနိုင်ငံနှင့် စပိန်နိုင်ငံ ဂရန်ကာနာရီယာနယ်မြေတို့တွင်လည်း တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ရာသီဥတုအခြေအနေကြောင့် လာမည့်ရက်ပိုင်းအတွင်း နေအိမ်များဆီသို့ ကူးစက်လာနိုင်သည့်အခြေအနေဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

# ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် လူခြောက်ဦးသေဆုံးပြီး နေအိမ်များပြိုကျပျက်စီး

**မနီလာ ဇူလိုင် ၂၇**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းပြည်နယ်များတွင် ဇူလိုင် ၂၆ ရက်က တိုင်ဖွန်းမုန်တိုင်းဒေါ့ဆူရီ တိုက်ခတ်မှုကြောင့် အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး နေအိမ်များ ပြိုကျပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးဌာနမှ တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် မြေနိမ့်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိရာ လူပေါင်းသောင်းနှင့်ချီ၍ မုန်တိုင်းဒဏ်ကိုခံခဲ့ရပြီး စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကိုလည်း ပိတ်ထားရကြောင်း သိရသည်။

သေဆုံးသူများမှာ ဘန်ဂွတ်ပြည်နယ် ဘူဂုရီရယ်မြို့တွင် မြေပြိုမှုတစ်ခုအတွင်း အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ကလေးတစ်ဦးအပြင် အခြားကလေးငယ်နှစ်ဦးတို့ ပါဝင်ကြောင်း၊ ထို့ပြင် အပန်းဖြေမြို့တစ်မြို့ဖြစ်သော ဘက်ဂီရော့မြို့တွင်လည်း နေအိမ်များပြိုကျမှုကြောင့် အမျိုးသားတစ်ဦးပိမိသေဆုံးပြီး အစ္စဘယ်လာပြည်နယ်တွင် လမ်းမပေါ်၌ ဈေးရောင်းနေသော ဈေးသည်တစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ကာဂါယန် ချိုင့်ဝှမ်းဒေသတွင် အနည်းဆုံး မြို့လေးမြို့လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ပြီး တံတားခြောက်စင်း ပျက်စီးခဲ့ကြောင်း၊ အဆိုပါချိုင့်ဝှမ်းဒေသရှိ ဒေသခံများအနေဖြင့် ပြောင်းနှင့် စပါးခင်းများပျက်စီးမည်ကို စိုးရိမ်လျက်ရှိကြောင်း ကာဂါယန်ဒေသ အုပ်ချုပ်ရေးမှူး မန်နျူရယ်မန်ဘာက ပြောကြားခဲ့သည်။ AZH

# အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဘရာဇီးအစိုးရကို အကူအညီပေးရန် နာဆာအဖွဲ့အစည်း စီစဉ်နေ

**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်နိုင်ငံ အခြေစိုက် နာဆာအဖွဲ့အစည်းသည် အမေဇုန်သစ်တောကြီးပိုင်း ပြုန်းတီးမှုကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းကို အကူအညီပေးရန် စီစဉ်နေကြောင်း နာဆာအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု RTE သတင်းဌာနက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နာဆာအဖွဲ့အစည်းက အမေဇုန်သစ်တောကြီးပိုင်းအတွင်း တရားမဝင် သစ်ခိုးထုတ်မှုများနှင့် သတ္တုမိုင်းတွင်းများ ဆောင်ရွက်နေခြင်းကို ကင်းထောက်ပေးပြီး ကောင်းကင်ဂြိုဟ်တုဓာတ်ပုံမှတ်တမ်း ရိုက်ကူးပေးမည့်အကူအညီပေးရန် ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းထံ ကမ်းလှမ်းထားကြောင်း နာဆာအဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူ ဘီလ်နယ်ဆင်က ပြောကြားခဲ့သည်။

"အမေဇုန် သစ်တောကြီးပိုင်းအတွင်း သစ်ပင်ခုတ်လှဲတာတွေ၊ တောမီးရှို့တာတွေ၊ တောမီးလောင်ကျွမ်းတာတွေ ရှိ၊ မရှိကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့အတွက် ကောင်းကင်ဂြိုဟ်တု မှတ်တမ်းဓာတ်ပုံတွေကို ရိုက်ကူးပေးနိုင်ဖို့အတွက် နာဆာအနေနဲ့ ဘရာဇီးနိုင်ငံကို ကူညီပေးသွားဖို့ အဆင်သင့်ပါပဲ"ဟု ဘီလ်နယ်ဆင်က ပြောကြားခဲ့သည်။

ဘီလ်နယ်ဆင်သည် ဇူလိုင် ၂၅ ရက်က ဘရာဇီးနိုင်ငံ အာကာသသုတေသနစင်တာ (INPE) သို့ သွားရောက်လည်ပတ်ခဲ့ပြီး ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားနှင့် သွားရောက် တွေ့ဆုံခဲ့ကြောင်း၊ ဘရာဇီးသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး INPE နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ **ခိုင်းဆက်**



# ဟာနေတူနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျုရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ပိုဗ်လာ ဇူလိုင် ၂၇**

ဗာနေတူနိုင်ငံ အိုလ်ရီဆိပ်ကမ်းမြို့အနီးတွင် ဇူလိုင် ၂၆ ရက်က ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျုရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်မြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်ဟု Bol News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်သည် အိုလ်ရီဆိပ်ကမ်းမြို့အရှေ့ဘက်ပိုင်းတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ အစပျိုးလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်ပြင်းအား များခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း ဖြစ်ပေါ်လာဖွယ်မရှိကြောင်း အမေရိကန်မြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်။

"ဇူလိုင် ၂၆ ရက်က ဗာနေတူနိုင်ငံ အိုလ်ရီဆိပ်ကမ်းမြို့အနီးမှာ ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျုရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဟာ မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ပြင်းအား များပေမဲ့လဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု အမေရိကန်မြေငလျင်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လှုပ်ခတ်ခဲ့သော မြေငလျင်ပမာဏမှာ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်သော်လည်း အမေရိကန်မြေငလျင်စင်တာ၏ စစ်ဆေးတိုင်းတာချက်အရ ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်သည့် လက္ခဏာမျိုး မတွေ့ရကြောင်း၊ ဗာနေတူနိုင်ငံတွင် မြေငလျင်မလှုပ်ခတ်မီ ရက်သတ္တပတ်ခန့်ကလည်း ဗာနေတူကျွန်းနှင့် နီးကပ်သည့် အမေရိကန်နိုင်ငံ အလက်စကာကျွန်းဆွယ်တွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျုရှိသည့်မြေငလျင်လှုပ်ခတ်ခဲ့ပြီး မြေငလျင်လှိုင်းသည် ဗာနေတူနိုင်ငံရေိယာထိ ရောက်ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၆ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် မြေငလျင်လှိုင်းသည် ဗာနေတူနိုင်ငံ လူနေရပ်များဆီသို့ ရောက်ရှိခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ဗာနေတူနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဗာနေတူနိုင်ငံသည် မြေငလျင်အန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပြီး မြေငလျင်ကြောင့်လည်း နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **ခိုင်းဆက်**

# အီတလီနိုင်ငံမြောက်ပိုင်းတွင် အင်အားပြင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး

**ရောမ ဇူလိုင် ၂၇**

အီတလီနိုင်ငံမြောက်ပိုင်းတွင် ဇူလိုင် ၂၅ ရက်က အင်အားပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် သစ်ပင်အများအပြားပြိုလဲပြီး လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ကာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇူလိုင် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အီတလီနိုင်ငံမြောက်ပိုင်းရှိ မွန်ဇာနှင့် ဘရက်စီယာပြည်နယ်တို့တွင် သစ်ပင်များပြိုလဲခဲ့ပြီး သစ်ပင်ပိမိသဖြင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကာ လူတစ်ဦးအပြင်းအထန်ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုသည် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်တွင် ရုတ်တရက်ဖြစ်ပွားခဲ့ပြီး အချိန်တိုတောင်းသော်လည်း သစ်ပင်ကြီးအများအပြားပြိုလဲခဲ့ပြီး ကားအစီးရေအများအပြားပျက်စီးခဲ့ကာ လမ်းများပိတ်ဆို့မှုဖြစ်ပွားလျက်ရှိသည့်အပြင် အီတလီနိုင်ငံ၏ ထင်ရှားသော ဈေးဝယ်စင်တာတစ်ခုဖြစ်သည့် Galleria Vittorio Emanuele မှာလည်း ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပိတ်ထားရကြောင်း၊ အီတလီနိုင်ငံမြောက်ပိုင်းတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသကဲ့သို့ နိုင်ငံတောင်ပိုင်းဒေသများတွင်လည်း လေပူများတိုက်ခတ်လျက်ရှိပြီး စံချိန်တင်အပူချိန်မြင့်တက်ကာ ရာသီဥတုပြင်းထန်မှုဒဏ်ခံနေရသောဒေသများကို အကူအညီများပေးနိုင်ရေး အစိုးရက အရေးပေါ်အစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဝန်ကြီး နယ်လိုမူဆိုမီစီက ပြောကြားခဲ့သည်။

အီတလီနိုင်ငံတွင် ပြင်းထန်သောရာသီဥတုဆိုင်ရာပြောင်းလဲမှုများနှင့်တွေ့ကြုံနေရရာ ဥရောပတောင်ပိုင်းဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အပူလှိုင်းများကြောင့် ဇူလိုင် ၂၅ ရက်က အီတလီနိုင်ငံရှိ မြို့ကြီး ၁၆ မြို့ကို အပူလှိုင်းနှင့်ပတ်သက်၍ အနီရောင်အဆင့်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

AZH

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ခရီးသွားဆောင်းပါး

# ဂုတ်တွင်းလမ်းနှင့် ရှုမျှော်ခင်း

သက်နိုင်(ပြင်ဦးလွင်)

အပန်းဖြေလေ့လာရေးခရီးစဉ်အဖြစ် ခရီးဖော်လူကြီးတွေနဲ့ ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတာ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးရှိတဲ့နေရာကို ရောက်ရှိနေကြပါပြီ။ နောင်ချိုမြို့နယ်ဘက်အခြမ်းမှာရှိနေတဲ့ တံတားထိပ်မှာ တစ်ခဏလောက်ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူတွေရဲ့ ကန့်သတ်ခွင့်ပြုချက်အရ တံတားပေါ်ကို လျှောက်လှမ်းလာခဲ့ကြတယ်။ တံတားက လူသွားလမ်းမဟုတ်၊ ကားလမ်းမဟုတ် မီးရထားလမ်းပါ။ ဒါကြောင့် ရထားသံလမ်းဇလီဖားတုံးတွေပေါ်ကနေ ဂရုတစိုက်နဲ့ တဖြည်းဖြည်းလျှောက်လှမ်းနေကြရသလို တစ်ယောက်နဲ့တစ်ယောက် စကားပြောဆိုချင်ကြတယ်ဆိုရင်၊ တံတားအောက်က ရှုခင်းတွေကိုကြည့်ချင်ကြတယ်ဆိုရင် လမ်းလျှောက်တာကိုရပ်တန့်ပြီးမှ ပြောဆိုကြည့်ရှုကြရတယ်။

အဓိကလေ့လာကြည့်ရှုကြရတာတွေက တံတားကြီးရဲ့ သံပေါင်တွေ၊ သံမဏိတိုင်ကြီးတွေနဲ့ တံတားအောက်မှာရှိနေတဲ့ ရှုခင်းတွေပါ။ ဂုတ်ထိပ်တံတားကြီးမှာ ပေ ၁၂၀ ရှည်လျားတဲ့ အလျားကူးသံပေါင်ကြီး ၁၀ ခု၊ ပေ ၆၀ ရှည်တဲ့ အလျားကူးသံပေါင် ခုနစ်ခု၊ ပေ ၄၀ ရှည်တဲ့ အလျားကူးသံပေါင် ၁၆ ခုတို့ကို သံမဏိတိုင်ကြီး ၁၆ တိုင်ပေါ်မှာ ခဲရာခဲဆစ်တည်ဆောက်ထားတာဖြစ်ပါတယ်။ သံမဏိတိုင်ကြီး ၁၆ တိုင်ထဲမှာ အမြင့်ဆုံးသံတိုင်က ပေ ၃၂၀ ရှိပြီး အနိမ့်ဆုံးတိုင်က ၄၅ ပေရှိနေတယ်။ တံတားကြီးရဲ့ အရှည်က ပေ ၂၂၆၀ ရှည်လျားတယ်။ တံတားကြီးတည်ဆောက်ဖို့အတွက် လိုအပ်တဲ့ သံမဏိ၊ သံပေါင်ပစ္စည်းတွေကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ကနေ သင်္ဘောကြီးတွေနဲ့ သယ်ဆောင်ယူလာခဲ့ရပြီး အခုနေရာအထိရောက်ရှိအောင်လဲ အလွန်ထူထပ်လှတဲ့ တောကြီးတွေကို ရှင်းလင်း၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်လာခဲ့ရတယ်။ ဒါပေမဲ့ တံတားတည်ဆောက်ချိန်ကာလက ကိုးလသာကြာမြင့်ခဲ့တယ်။

ဒီလိုခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းတည်ဆောက်ခဲ့ရတဲ့ တံတားကြီးကို ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ ကြီးစိုးအုပ်ချုပ်ချိန်မှာ မဟာမိတ်တပ်တွေရဲ့ ဗုံးကြဲဖျက်ဆီးမှုကြောင့် အစိတ်အပိုင်းတချို့ ပျက်စီးသွားခဲ့ရတယ်။ အဲဒီအချိန်တုန်းက တံတားကြီးရဲ့ သံမဏိတိုင် အမှတ်(၂)နဲ့ အမှတ်(၅)တို့နှစ်တိုင်သာ ပျက်စီးခဲ့ရတာပါ။ ဒါပေမဲ့ ဂျပန်တို့ဆုတ်ခွာသွားတဲ့အခါ ဂျပန်တွေက သံမဏိသံတိုင် အမှတ်(၉)၊ (၁၀)၊ (၁၁)၊ (၁၂) တို့ရဲ့ တိုင်ခြေရင်းမှာ ဗုံးတွေမြှုပ်နှံဖောက်ခွဲဖျက်ဆီးခဲ့ကြတာကြောင့် အမှတ်(၁၀)နဲ့ အမှတ်(၁၂) သံတိုင်ကြီးတွေ လုံးဝပျက်စီးသွားခဲ့ကြသလို သံတိုင်အမှတ်(၉)၊ (၁၁)တို့မှာလဲ စိတ်မချရတော့တဲ့ အခြေအနေအထိ ဖြစ်သွားပျက်စီးခဲ့ရတယ်။ ဒ့ါပြင် သံတိုင်အမှတ် (၉) နဲ့ (၁၀)ကြား၊ သံတိုင်အမှတ် (၁၁)၊ (၁၂)၊ (၁၃) တို့ကြားမှာရှိနေတဲ့ သံရက်မကြီးတွေကလဲ သံတိုင်ကြီးတွေနဲ့အတူ ပြုတ်ကျပျက်စီးခဲ့ကြရတယ်။

တံတားကြီးတစ်ခုလုံး ဖြတ်သန်းသွားလာလို့မရအောင်၊ သုံးစွဲလို့မရအောင် ပျက်စီးဆုံးရှုံးနေတဲ့အချိန်မှာ မန္တလေး-လားရှိုးမီးရထားလမ်းပိုင်းကိုတော့ မဖြစ်ဖြစ်အောင် ခက်ခက်ခဲခဲနဲ့လုပ်ဆောင်ပြေးဆွဲကြရတယ်။ တံတားကြီးကျိုးကျပျက်စီးနေပေမဲ့ တံတားခြေရင်းတစ်ဖက်တစ်ချက်မှာ ယာယီရထားလမ်းပိုင်းတွေ ဖောက်လုပ်ခဲ့ရတယ်။ တံတားကြီးရဲ့တောင်ဘက်နဲ့ မြောက်ဘက်ထိပ်တွေမှာ ရေနွေးငွေ့မောင်းဝန်ချီစက်တွေကို တပ်ဆင်ထားရပြီး ရထားစက်ခေါင်းနဲ့ တွဲဆိုင်းတွေကို တစ်တွဲချင်းသံမဏိကြိုးနဲ့ချည်နှောင်ကာ ယာယီလမ်းပိုင်းရှိရာကို ချပေးရတယ်။ တံတားအောက်ခြေယာယီလမ်းပိုင်းရှိရာကို ရောက်သွားကြတဲ့ စက်ခေါင်းအပါအဝင် တွဲဆိုင်းတွေကို တစ်ဖက်ထိပ်ရောက်အောင်အထိ တွန်းပို့ကြရပြီး တစ်ဖက်ထိပ်မှာရှိနေတဲ့ ရေနွေးငွေ့သုံးဝန်ချီစက်ကြီးက သံမဏိကြိုးတွေနဲ့ ကူးပြောင်းချည်နှောင်ဆွဲတင်ယူရပြန်တယ်။ ဒီနည်းနဲ့ တွဲတစ်တွဲချင်းကို ဒီဘက်က ဝန်ချီစက်ကြီးက တံတားအောက်ကိုချပေးလိုက်၊ ယာယီရထားလမ်းကနေ တစ်ဖက်ထိပ်ရောက်အောင်တွန်းပို့လိုက်၊ ဟိုဘက်မှာရှိနေတဲ့ ဝန်ချီစက်ကြီးက အပေါ်ကိုရောက်အောင်ဆွဲယူလိုက်နဲ့ ရထားတွဲတွေအားလုံး တစ်ဖက်ကမ်းပေါ်ကို ရောက်ရှိသွားခဲ့ရတယ်။

ဂုတ်ထိပ်တံတားကြီး လုံးဝသုံးစွဲလို့မရအောင် ပျက်စီးနေတဲ့အချိန်မှာ အချိန်တွေကုန်၊ လူတွေပန်းနဲ့ ခဲခဲယဉ်းယဉ်းဖြတ်ကျော်ပြေးဆွဲခဲ့ရတာပါ။ တံတားကြီးပြင်ဆင်မှုလုပ်ငန်းတွေကို မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၄၈ ခုနှစ် မေလရောက်မှ စတင်နိုင်ခဲ့ကာ ပြင်ဆင်မှုလုပ်ငန်းတွေပြီးစီးချိန် ၁၉၅၁ ခုနှစ် ဩဂုတ် ၁၆ ရက်မှာ ရထားတွေဖြတ်ကျော်ခုတ်မောင်းနိုင်အောင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့တာ ဒီနေ့အချိန်ထိဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်မဖြစ်ခင် စစ်ကြိုချိန်၊ တံတားကြီးကို ပထမတည်ဆောက်ဖို့ အဆိုပြုခဲ့စဉ်တုန်းက ရူပီးငွေ ၁၂၆၀၀၀၀ သာ ကုန်ကျမယ်ဆိုပြီး ခန့်မှန်းထားခဲ့ကြပေမဲ့ တကယ်လက်တွေ့တည်ဆောက်တဲ့အခါမှာ မူလခန့်မှန်းငွေထက် ၄၃၈၂၀၀ ပိုမိုခဲ့ပြီး စုစုပေါင်း ကုန်ကျငွေ ရူပီး ၁၆၉၈၂၀၀ (စတာလင်ပေါင် ၁၁၃၂၀၀) ကုန်ကျခဲ့ရတယ်။ စစ်အတွင်းမှာ တံတားကြီး ပျက်စီးသွားခဲ့လို့ ပြန်လည်ပြင်ဆင်ရတဲ့ကုန်ကျငွေက ငွေကျပ် ၃၂ သိန်းဖြစ်ပါတယ်။ တံတားကြီးရဲ့ စတုရန်းပေက ၄၀၁၅၀၀ ရှိနေတာကြောင့် တံတားကြီးကို ဆေးသုတ်ခဲ့တုန်းက ပစ္စည်းဖိုး၊ ဆေးဖိုးတွေမပါဘဲ ဆေးသုတ်လက်ခတစ်ခုတည်း စတာလင်ပေါင် ၈၀၀ ကုန်ကျခဲ့ရတယ်။ တံတားကြီးတည်ဆောက်ခဲ့ရာမှာ သံနဲ့သံမဏိ ၄၃၁၁ တန်နဲ့ သံမှိုအလုံးရေပေါင်း ၁၀ သိန်းကို သုံးစွဲခဲ့ရတယ်။



ဂုတ်တွင်းလမ်းကို တွေ့ရစဉ်။

တံတားကြီးကို စတင်တည်ဆောက်ခဲ့စဉ်တုန်းက ရွှေမူလီ၊ ငွေမူလီ၊ ကြေးမူလီ သုံးလုံးကို ထည့်သွင်းတပ်ဆင်အသုံးပြုထားတယ်ဆိုတာကို သိထားရလို့ တံတားပေါ်မှာ လမ်းလျှောက်နေရင်းနဲ့ တွေ့လို တွေ့ငြား ဟိုဟိုဒီဒီကြည့်မိနေသေးတယ်။ ဒါပေမဲ့ တံတားပေါ်ကို ခရီးသွားဧည့်သည်တွေ တက်ရောက်ဖြတ်သန်းခွင့်ပြုထားတဲ့အချိန်တွေတုန်းကတော့ ရှေးယခင်နှစ်ပေါင်းများစွာ အချိန်တွေတုန်းကတည်းကပါ ရွှေမူလီကို ရှာဖွေခဲ့ကြသူတွေက တံတားတစ်ခုလုံးကို ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြပြီးပါပြီ။ ဘယ်သူတွေက ဘယ်လိုပဲရှာနေရှာနေ တွေ့ရှိတယ်ဆိုတဲ့သတင်းအစအနကို အခုအချိန်ထိ မကြားမသိရသေးပါဘူး။ တံတားပေါ်မှာ ဖြတ်သန်းလမ်းလျှောက်ခဲ့ကြတယ်ဆိုပေမဲ့ လုံခြုံရေးအရ ကန့်သတ်ထားတဲ့နေရာအထိသာ နားလည်မှုနဲ့လမ်းလျှောက်ကြရတယ်။ လမ်းလျှောက်လေ့လာကြည့်ရှုပြီးတာနဲ့ ဘူတာရုံရှိရာကို ပြန်လာခဲ့ကြတယ်။ ဘူတာက ဂုတ်ထိပ်ဘူတာပါ။ မိမိတို့ခရီးထွက်ခွာလာတဲ့နေ့ရက်က တနင်္ဂနွေနေ့ဖြစ်နေတာကြောင့် မကြာခင်မှာ ရထားတစ်စီး ဘူတာကို ဆိုက်ရောက်လာတယ်။ ရထားမှာ လူစီးတွဲအနည်းငယ်နဲ့ ခရီးသည်အနည်းငယ်သာ ပါရှိလာတယ်။ တနင်္ဂနွေနေ့တိုင်း ပြင်ဦးလွင်ဘူတာကနေ ဂုတ်ထိပ်ဘူတာအထိ အပတ်စဉ် ပြေးဆွဲပေးနေတယ်လို့လဲ သိလိုက်ရတယ်။ ရထားက တံတားကြီးပေါ်ဖြတ်သန်းခုတ်မောင်းခြင်းမပြုဘဲ ဘူတာမှာပဲ ရပ်နားနေတာပါ။ ခရီးသည်တွေက တံတားကြီးရှိရာကို သတ်မှတ်ထားတဲ့အချိန်အတွင်း သွားရောက်လေ့လာကြရပြီး အချိန်စေ့တာနဲ့ ရထားက ပြင်ဦးလွင်ဘူတာကို ပြန်လည်ခုတ်မောင်းလာမှာဖြစ်ပါတယ်။

ဂုတ်ထိပ်တံတားကြီးနဲ့ ဘူတာပတ်ဝန်းကျင်မှာ လေ့လာကြည့်ရှုပြီးတာနဲ့ နောင်ချိုမြို့ရှိရာကို ပြန်လာခဲ့ကြတယ်။ နောင်ချိုမြို့ကိုရောက်တော့ နေ့လယ်စာထမင်းစားချိန် မွန်းတည့် ၁၂ နာရီထိုးနေပြီဖြစ်လို့ နေ့လယ်စာထမင်းစားသောက်ကြပြီးမှ ဂုတ်တွင်းလမ်းပိုင်းရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဂုတ်တွင်းလမ်းပိုင်းက မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ်မှာဖြစ်ပြီး ဂုတ်ထိပ်တံတားကြီးကို လူသိများကျော်ကြားသလို ဂုတ်တွင်းလမ်းရဲ့ အကွေ့အကောက်၊ အတက်အဆင်းအထပ်ထပ်တွေရဲ့ ထူးခြားလှပမှုတွေကလဲ ထင်ရှားကျော်ကြားနေပါတယ်။ ဂုတ်ထိပ်တံတားကြီးရဲ့ ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်တွေကို နောင်ချိုမြို့နယ်နဲ့ ကျောက်မဲမြို့နယ်အဖြစ် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားတဲ့အတိုင်း ဂုတ်တွင်းလမ်းရဲ့ အတက်၊ အဆင်း အောက်ခြေချောင်းကလေးနေရာကနေ မြို့နယ်နှစ်ခုရဲ့ နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ်ပေးထားတယ်။

ဂုတ်တွင်းအဆင်းလမ်းက နောင်ချိုမြို့လယ် မီးပွိုင့်ကျော်တာနဲ့ စတင်ခဲ့တာဖြစ်ပြီး မန္တလေး-လားရှိုး မီးရထားလမ်းကိုဖြတ်သန်းပြီးတာနဲ့ သိသိသာသာ နိမ့်ဆင်းနက်ရှိုင်းလာခဲ့သလို အကွေ့အကောက်တွေကိုလဲ တွေ့ရှိမောင်းနှင်နေရပါပြီ။ ဂုတ်တွင်းလမ်းက ခရီးတိုလေးအတွင်းမှာ အကွေ့အကောက်၊ အတက်အဆင်းတွေ အလွန်များပြားပြီး လှပတဲ့အတွက်ကြောင့် ကျော်ကြားနေတာပါ။ ဂုတ်ထိပ်တံတားကြီးကို တွေ့မြင်နေရတဲ့ ရှုခင်းသာနေရာကို ရောက်တော့ ကားရပ်ပြီး ရှုခင်းတွေကိုကြည့်ဓာတ်ပုံတွေရိုက်လုပ်ချင်ပေမဲ့ အောက်ကနေတက်လာကြတဲ့ ကုန်တင်တွဲကားကြီးတွေ တစ်စီးပြီးတစ်စီး အဆက်မပြတ်ဖြစ်နေလို့ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ မိမိတို့အနေနဲ့ ကားရပ်ထားလိုက်ရင် အတက်၊ အဆင်းကားတွေ လမ်းကြောကျပ်ပြီး အခက်အခဲဖြစ်သွားနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ရန်ကုန်-မန္တလေး ကားလမ်းပြီးရင် မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးက ဒုတိယအသွားအလာအများဆုံးကားလမ်းတစ်ခုပါ။

လမ်းရဲ့အောက်ခြေအဆုံး တံတားနေရာကိုရောက်တော့ ကားခဏရပ်ပြီး ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုကြတယ်။ တံတားအနီးလွင်ပြင်နေရာက အတော်အတန်ကျယ်ပါတယ်။ အရင်က ကားတွေရပ်နားစားသောက်လို့ရတဲ့ စားသောက်ဆိုင်ငယ်လေး တစ်ဆိုင်၊ နှစ်ဆိုင်လောက်ရှိခဲ့ပြီး အခု မတွေ့ရတော့ပါဘူး။ လုံခြုံရေးစခန်းအနီးမှာ ဝန်ချီကရိန်းကားကြီး တစ်စီးရပ်ထားတာကိုလဲ တွေ့ရတယ်။ ဂုတ်တွင်းလမ်း အဆင်း၊အတက်တွေမှာ ကားတွေ၊ အဓိကအားဖြင့် ကုန်တင်တွဲကားကြီးတွေ စက်ချို့ယွင်းလို့ပဲဖြစ်ဖြစ်၊ မတော်တဆ တိမ်းမှောက်လို့ပဲဖြစ်ဖြစ် လမ်းပိတ်ဆို့မှုတွေဖြစ်သွားခဲ့ရင် ချက်ချင်းလမ်းရှင်းဖယ်ရှားနိုင်အောင် အဆင်သင့်စောင့်ဆိုင်းပေးနေတာပါ။ ဒီလိုဆောင်ရွက်လုပ်ကိုင်ပေးနေမှုကြောင့်လဲ အခုနောက်ပိုင်းကာလတွေမှာ ဂုတ်တွင်းလမ်းတစ်လျှောက် လမ်းကြောပိတ်မှု၊ ယာဉ်ကြောပိတ်မှုတွေ ဖြစ်ပွားမှုနည်းပါးလာတာကို သတိထားမိနေတယ်။ တံတားအောက်က ရေချောင်းလေးကတော့ ကြည်ကြည်လင်လင်နဲ့ တသွင်သွင်စီးဆင်းနေပါတယ်။ အရင်တုန်းက ချောင်းအနီးဈေးဆိုင်လေးတွေမှာ ငါးတွေကိုနီးနဲ့တွဲချည်ပြီး ချောင်းထဲကရတဲ့ငါးတွေ လတ်လတ်ဆတ်ဆတ်ရှိတယ်၊ ချိုတယ်ဆိုပြီး ရောင်းချနေသူတွေရှိခဲ့ကြတယ်။ နောက်ပိုင်းကာလတွေမှာ ချောင်းထဲကရတဲ့ငါးတွေအပြင် ဈေးထဲကငါးတွေကိုပါ ရောင်းချလာကြတာတွေကို ဝယ်ယူသူတွေ သတိထားသိရှိလာတဲ့အခါမှာ ငါးဈေးသည်တွေ ပျောက်ကွယ်သွားကြရတယ်။ အစစ်အမှန်မဟုတ်ရင် ကြာရှည်မခံဘူးဆိုတဲ့ သဘောတရားပါ။

ဂုတ်တွင်းအောက်မှာ လေ့လာကြည့်ရှုပြီးတာနဲ့ အတက်လမ်းပိုင်းကို ဆက်လက်မောင်းနှင်တက်ရောက်ခဲ့ကြတယ်။ ချောင်းတံတားလေးကို ကျော်ဖြတ်ပြီးတာကြောင့် နောင်ချိုမြို့နယ်ကနေ ကျောက်မဲမြို့နယ်အတွင်းကို စတင်ဝင်ရောက်လာပါပြီ။ အဆင်းလမ်းခရီးတုန်းက အတက်ကားတွေကိုစောင့်ပြီး သတိနဲ့မောင်းနှင်ဆင်းသက်ခဲ့ရပေမဲ့ အခုအတက်ခရီးလမ်းမှာ ဟွန်းတတီတီ တီးပြီး အရှိန်နဲ့တက်ရောက်ခွင့်ရသွားပါတယ်။ တောင်ပေါ်လမ်းတွေရဲ့ စည်းကမ်းအရ အတက်ကားကို ဦးစားပေးရတယ်။ အတက်လမ်းက အဆင်းလမ်းလိုပဲ ရှည်လျားလှပါတယ်။ ဒါပေမဲ့ အဆင်းခရီးလောက် အန္တရာယ်မရှိတော့ပါဘူး။

ခရီးအစီအစဉ်က ဂုတ်တွင်းအတက်လမ်းပိုင်း ရှုခင်းသာကြည့်ရပ်နေရာကနေ ရှုခင်းတွေကို ကြည့်ရှုခံစားကြဖို့ပါ။ ဒါကြောင့် ဂုတ်တွင်းလမ်းရဲ့ အတက်၊ အဆင်းလမ်းပိုင်းနေရာတွေကို အနီးကပ် ထင်ထင်ရှားရှားကြည့်ရှုနိုင်တဲ့နေရာထိ ကားကိုမောင်းနှင်လာခဲ့တယ်။ ဒါပေမဲ့ ရှုခင်းသာနေရာကို သွားရောက်ခွင့်မရှိတော့ဘဲ ပိတ်ထားတာတွေကို တွေ့မြင်လိုက်ရတယ်။ ရှုခင်းသာနေရာမှာလဲ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်စွာ ပေါက်ရောက်နေတော့တယ်။ ဒီနေရာကဂုတ်တွင်းလမ်းကို အလှဆုံး၊ အရှင်းဆုံး၊ အကောင်းဆုံးကြည့်ရှုလို့ရတဲ့နေရာပါ။ ကားလမ်းဘေးအုတ်လှေကားကနေ ဆင်းသွားပြီး မြင့်မားတဲ့တောင်ကမ်းပါးရုံကြီးအထက်အပေါ်စီးကနေ ဂုတ်တွင်းလမ်းကို ကြည့်ရှုရတာကြောင့် မြင်ကွင်းအားလုံးကို ရှင်းရှင်းလင်းလင်းနဲ့ အနီးကပ်မြင်တွေ့နေရတယ်။ အခုရှုခင်းသာနေရာကို ပိတ်လိုက်ရတဲ့အကြောင်းရင်းက အန္တရာယ်ကိုကြိုတင်ကာကွယ်ထားတဲ့သဘောမျိုးဖြစ်မယ်ထင်ပါတယ်။ တောင်ကမ်းပါးယံကြီးက အလွန်မြင့်မားပြီး အကာအရံအတားအဆီးမရှိတာကြောင့် ကြည့်ရှုသူတွေအတွက် သတိမထားကြရင် အန္တရာယ်ဖြစ်နိုင်ပါတယ်။ သတိလက်လွတ်ဖြစ်သွားတာပဲဖြစ်ဖြစ်၊ ခြေချော်ကျတာပဲဖြစ်ဖြစ်၊ အရှိန်မထိန်းနိုင်တော့တာပဲဖြစ်ဖြစ် အောက်ကိုကျသွားမယ်ဆိုရင် မတွေးဝံ့စရာပါ။ ဒီနေရာကို အထက်ရှုခင်းသာလို့ ခေါ်ကြတယ်။

အထက်ရှုခင်းသာနေရာကို ပိတ်ထားလိုက်တာကြောင့် စားသောက်ဆိုင်တွေရှေ့မှာရှိနေတဲ့ အောက်ရှုခင်းသာနေရာကို ပြန်လှည့်လာခဲ့ရတယ်။ အောက်ရှုခင်းသာနေရာက အတော်အတန်ကျယ်ဝန်းပြီး ကားရပ်နားစရာနေရာတွေလဲရှိပါတယ်။ ဒါပေမဲ့ အတက်၊ အဆင်းလမ်းပိုင်းအားလုံးကို မမြင်တွေ့ရပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဂုတ်တွင်းလမ်းနဲ့ဂုတ်တွင်းရှုခင်းတွေကို အချိန်ရသလောက် ကြည့်ရှုခံစားလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၅၅၅၁ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၅၅၅၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ပဲမျိုးစုံသီးနှံဧက ၁၈၀၉၁၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၇၅၅၅၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ ပဲမျိုးစုံသီးနှံဧက ၁၈၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ဧက ၇၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပဲမျိုးစုံသီးနှံ မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၂၁၁၅၅ ဧက၊ ပဲလွမ်း ဧက ၂၆၀၊ ပဲစင်းငုံ ၁၇၃၂၅ ဧက၊ အခြားပဲ ၇၀၆၁ ဧက၊ မြင်းမူမြို့နယ်တွင် ပဲတီစိမ်း ၂၄၅၀ ဧက၊ ပဲစင်းငုံ ၅၂၆၆ ဧကနှင့်မြောင်မြို့နယ်တွင် မတ်ပဲ ၁၀၅၉ ဧက၊ ပဲတီစိမ်း ၁၄၂၄၆ ဧက၊ ပဲလွမ်း ၃၂၂၇ ဧက၊ ပဲစင်းငုံ ၃၅၀၂ ဧက စုစုပေါင်း ၇၅၅၅၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၄၅၅၃၅ ဧက၊ ထောပတ်ပဲ ၉၁၅ ဧက၊ စွန်တာပြာ ၁၁၅၀ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ ပဲစင်းငုံ ၁၉၇၈၅ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက၊ မြင်းမူမြို့နယ်တွင် မတ်ပဲ ၉၉ ဧက၊ ပဲတီစိမ်း ၁၇၄၂၄ ဧက၊ ထောပတ်ပဲ ၁၆၃ ဧက၊ စွန်တာပြာ ၁၄၁၅ ဧက၊ ပဲလွမ်း ၅၉၅ ဧက၊ ပဲစင်းငုံ ၃၅၂၁၆ ဧက၊ပဲကြီး ၄၆၉ ဧကနှင့်မြောင်မြို့နယ်တွင် မတ်ပဲ ၃၀၅၄ ဧက၊ ပဲတီစိမ်း ၂၃၂၂၉ ဧက၊ ပဲလွမ်း ၆၀၀၁ ဧက၊ ပဲစင်းငုံ ၉၉၉၇ ဧက၊စားတော်ပဲ ၈၅၀ ဧက စုစုပေါင်း ၁၈၀၉၁၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ရွှေလှိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇူလိုင် ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွှေလှိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းထိုက်ငွေးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေလှိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းထိုက်ငွေးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေလှိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၃၀ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းထိုက်ငွေးထံမှ သိရသည်။

**အိုအို**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ပြင်သစ်၊ ဂျမေကာ၊ ဆွီဒင်အသင်းတို့ကို အားပေးရမှာပါ

ML




လက်ရှိကျင်းပနေတဲ့ ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဟာအုပ်စု ဒုတိယပွဲစဉ်တွေကိုရောက်ရှိလာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာတာကိုတွေ့ရမှာပါ။ အုပ်စုဒုတိယပွဲစဉ် ပထမအကျော့မှာ ရမှတ်ဆုံးရှုံးထားတဲ့အသင်းတွေဟာ နိုင်ပွဲရှာနိုင်မှနောက်တစ်ဆင့်အတွက် မျှော်လင့်ရမှာဖြစ်သလို အနိုင်ရထားတဲ့အသင်းတွေကလဲ အုပ်စုကကျော်ဖြတ်ဖို့အတွက် အနည်းဆုံးသရေတစ်မှတ်ရယူဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ စနေနေ့ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းကောင်းမွန်ပြီး မဖြစ်မနေနိုင်ပွဲရှာရမဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

## ပြင်သစ်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ပြင်သစ်အမျိုးသမီးအသင်းနဲ့ ဘရာဇီးအမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြင်သစ်အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ခြေစွမ်းပိုင်းအားနည်းတဲ့ ဂျမေကာအသင်းကို သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် ရမှတ်တစ်မှတ်သာရရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာ ဂျမေကာထက် ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအသာရခဲ့ပေမဲ့ တိုက်စစ်ပိုင်းကလီဆိုမာနဲ့ ဒီယာနီတို့ ပုံစံကောင်းပျောက်ဆုံးခဲ့တာကြောင့် ဂိုးမရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းဟာ တစ်သင်းလုံးဖိအားပေးနိုင်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု ၇၂ ရာခိုင်နှုန်းကျော်ရှိခဲ့သလို ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဂျမေကာအသင်းရဲ့ ခံစစ်အားပြုကစားပုံက ကမ္ဘာ့ဖလားမှာအတွေ့အကြုံရှိတဲ့ ပြင်သစ်အသင်းအတွက် ဂိုးရဖို့အခွင့်အရေးဖန်တီးနိုင်ခဲ့ခြင်းမရှိခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ပြင်သစ်အသင်းဟာ တောင်အမေရိကဇုန်က ခြေစွမ်းအကောင်းဆုံးအသင်းဖြစ်တဲ့ ဘရာဇီးနဲ့ကစားရမှာဖြစ်သလို အခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့ရင် အုပ်စုကလှည့်ပြန်ရမှာသေချာနေတာကြောင့် အစွမ်းကုန်ကြိုးစားလာမှာ သေချာပါတယ်။ ဒါ့ပြင် သူတို့အသင်းနည်းပြ ဟာဗီရီနာ့ဒ်ကလဲ နည်းစနစ်ပိုင်းကြွယ်ဝတာကြောင့် ဘရာဇီးကိုအနိုင်ရဖို့ ဘယ်လိုတုံ့ပြန်မလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။

ဘရာဇီးအမျိုးသမီးအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ပနားမားနဲ့တွေ့ဆုံခဲ့ပြီး လေးဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ ဘရာဇီးအသင်းဟာ အဖွင့်ပွဲစဉ်မှာ ပနားမားလိုခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့တာကြောင့် တောင်ပံတိုက်စစ်မှူး ဘော်ဂက်စ်ကပွဲကစားချိန် ၉ မိနစ်၊ ပွဲကစားချိန် ၃၉ မိနစ် နဲ့ မိနစ် ၇၀ တွေမှာ ဦးဆောင်ဂိုးတွေ ဆက်တိုက်သွင်းခဲ့သလို ပွဲချိန် ၄၈ မိနစ်မှာလဲ အသင်းအတွက် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဲဒီပွဲစဉ်မှာ ဘောလုံးပိုင်ဆိုင်မှု ၇၃ ရာခိုင်နှုန်းထိရှိခဲ့ပြီး ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၀ ကြိမ်မှာ လေးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်ရှိခဲ့သလို တိုက်စစ်ပိုင်းအားကောင်းတဲ့ အသင်းတွေကိုတော့ အမြဲတမ်းဂိုးပေးခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် ကမ္ဘာ့ဖလားမှာ အုပ်စုအဆင့်က အမြဲတမ်းကျော်ဖြတ်နိုင်တဲ့ ပြင်သစ်အသင်း အခုပွဲစဉ်မှာ တိုက်စစ်မြင့်ကစားပြီး နိုင်ပွဲရှာလာမှာဖြစ်လို့ ပြင်သစ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ပြင်သစ်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၅ | - | ၂ | ကိုလံဘီယာ |
| ပြင်သစ် | ၂ | - | ၁ | ကနေဒါ |
| အိုင်ယာလန် | ၀ | - | ၃ | ပြင်သစ် |
| နယူးဇီလန် | ၁ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၀ | - | ၀ | ဂျမေကာ |

**ဘရာဇီးအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရာဇီး | ၀ | - | ၂ | ကနေဒါ |
| အမေရိကန် | ၂ | - | ၁ | ဘရာဇီး |
| အင်္ဂလန် | ၁ | - | ၁ | ဘရာဇီး |
| ဂျာမနီ | ၁ | - | ၂ | ဘရာဇီး |
| ဘရာဇီး | ၄ | - | ၀ | ပနားမား |

## ဂျမေကာအသင်းကို အားပေးရမှာပါ

စနေနေ့မှာကစားမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု(F)မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ပနားမားအမျိုးသမီးအသင်းနဲ့ ဂျမေကာအမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၁၉ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာဖြစ်ပြီး ဂျမေကာအသင်းက ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲကို ကွန်ကာကပ်ဇုန်ကနေ Play-off ကစားခဲ့ရပြီး နောက်ဆုံးမှဝင်ခွင့်ရရှိခဲ့တဲ့ ပနားမားအသင်းဟာ အခုအုပ်စုမှာ အင်အားအနည်းဆုံးအသင်းဖြစ်တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဘရာဇီးကို ဂိုးပြတ်အရှုံးပေးလိုက်ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ဂျမေကာအသင်းနဲ့ တွေ့ဆုံနေတာကြောင့် အုပ်စုအဆင့်က တက်ဖို့ကြိုးစားခွင့်ရှိနေပေမဲ့ ခြေစွမ်းနဲ့အသင်းလိုက်ကစားအားမှာတော့ ဂျမေကာအသင်းကိုယှဉ်မရတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းမှာ ဒဏ်ရာရကစားသမားမရှိတာကြောင့် ကစားသမားအားလုံးပါဝင်ကစားနိုင်ပေမဲ့ ပြိုင်ပွဲအတွေ့အကြုံနည်းပါးနေတဲ့ ကစားသမားတွေသာဖြစ်လို့ ဂျမေကာအသင်းရဲ့ ထိန်းချုပ်ကစားတာကို ခံရမှာသေချာပါတယ်။

ဂျမေကာအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ ကစားသမားအင်အားတောင့်တင်းတဲ့ ပြင်သစ်အသင်းကို ခံစစ်ကစားပုံနဲ့ကစားပြီး အဖိုးတန်ရမှတ်တစ်မှတ်ရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဂျမေကာအသင်းဟာ ဥရောပကလပ်အသင်းတွေမှာ ကစားနေတဲ့ ကစားသမားတွေ ပါဝင်တာကြောင့် အသင်းလိုက် ကစားအားက ပနားမားထက်သာလွန်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ အမေရိကန်၊ ကနေဒါတို့ကိုသာ ရှုံးနိမ့်ခဲ့ပြီး ဟေတီ၊ ကော်စတာရီကာ၊ ပြင်သစ်အသင်းတို့ကို ရှုံးနိမ့်ခဲ့တာမရှိပါဘူး။ ဒါကြောင့် ဂျမေကာခြေရည်တူအသင်းတွေနဲ့ဆို နိုင်ပွဲရယူနိုင်တာကို သတိပြုရမှာဖြစ်သလို ပြင်သစ်အသင်းနဲ့ပွဲစဉ်ကအတိုင်း ကစားနိုင်မယ်ဆိုရင်တော့ ပနားမားအသင်းကို ဂိုးပြတ်နိုင်ပွဲရဖို့သေချာနေတာကြောင့် ဂျမေကာအသင်းကိုပဲ အားပေးရမှာပါ။

**ပနားမားအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပနားမား | ၀ | - | ၁ | ကနေဒါ |
| ပနားမား | ၁ | - | ၀ | ထရီနီဒက်နှင့်တိုဘာဂို |
| ပါပူအာနယူးဂီနီ | ၀ | - | ၂ | ပနားမား |
| ပါရာဂွေး | ၀ | - | ၁ | ပနားမား |
| ဘရာဇီး | ၄ | - | ၀ | ပနားမား |

**ဂျမေကာအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျမေကာ | ၀ | - | ၅ | အမေရိကန် |
| ဂျမေကာ | ၄ | - | ၀ | ဟေတီ |
| ကနေဒါ | ၃ | - | ၀ | ဂျမေကာ |
| ကော်စတာရီကာ | ၀ | - | ၁ | ဂျမေကာ |
| ပြင်သစ် | ၀ | - | ၀ | ဂျမေကာ |

## ဆွီဒင်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့နေ့မှာကစားမဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆွီဒင်အသင်းနဲ့ အီတလီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ ကမ္ဘာ့ဖလားအုပ်စု(G)မှာ တောင်အာဖရိက၊ အာဂျင်တီးနား၊ အီတလီအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် အုပ်စုကျပ်တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာတော့ တောင်အာဖရိကအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ထိန်းချုပ်ကစားနိုင်ခဲ့ပြီး နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ ဥရောပဇုန်ရဲ့ အကောင်းဆုံးအသင်းတစ်သင်းဖြစ်သလို လက်ရှိကမ္ဘာ့အဆင့်(၃)မှာ ရပ်တည်နေတာဖြစ်ပြီး ကစားသမားအများစုကလဲ ဥရောပထိပ်သီးကလပ်တွေက ခြေစွမ်းပြကစားသမားတွေ ပိုင်ဆိုင်ထားတာကိုသတိပြုရမှာပါ။ ဒါ့ပြင် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ အတွေ့အကြုံကောင်းတွေရှိနေတာကြောင့် အီတလီအသင်းကိုထိန်းချုပ်ဖို့ ကြိုးစားလာမှာဖြစ်ပြီး နောက်တစ်ဆင့်တက်ဖို့အတွက် ရမှတ်ရှာဖွေမှာသေချာပါတယ်။

အီတလီအမျိုးသမီးအသင်းဟာ အဖွင့်ပွဲစဉ်မှာ အာဂျင်တီးနားအသင်းလို ခြေစွမ်းကောင်းတဲ့အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပွဲချိန်ပြည့် ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထိန်းချုပ်ကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အာဂျင်တီးနားရဲ့ တန်ပြန်တိုက်စစ်ကလဲ အီတလီအသင်းကို အခက်တွေ့စေတာကြောင့် နှစ်သင်းစလုံးဂိုးရဖို့ ဂိုးမပေးရရေးသာ ကြိုးပမ်းခဲ့ကြတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ၄-၂-၃-၁ ကစားကွက်နဲ့ အကောင်းဆုံးကစားနိုင်တယ်ဆိုပေမဲ့ ခံစစ်အားပြုလွန်းနေတာကြောင့် ဦးဆောင်ဂိုးရဖို့ ရုန်းကန်ခဲ့ရတာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ခံစစ်၊ တိုက်စစ် အချိတ်အဆက်မိနေတဲ့ ဆွီဒင်ရဲ့ဖိအားပေးမှုကို အီတလီအသင်းပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့တော့ ခက်ခဲမှာသေချာပါတယ်။ ဒါ့ပြင် လက်ရှိဆွီဒင်ရဲ့ လူစာရင်းဟာ အခုအုပ်စုမှာ အကောင်းဆုံးဖြစ်နေသလို ရှိဖိုလ်၊ ဘလက်စတန်းနီးယက်စ်၊ အက် စလန်နီတို့ရဲ့ တိုက်စစ်အတွဲကလဲ ပြိုင်ဘက်ခံစစ်ကြောင်းအတွက် ဖိအားတစ်ခုဖြစ်နေလို့ အဘက်ဘက်ကသာလွန်နေတဲ့ ဆွီဒင်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဆွီဒင်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွီဒင် | ၄ | - | ၁ | တရုတ် |
| ဂျာမနီ | ၀ | - | ၀ | ဆွီဒင် |
| ဆွီဒင် | ၀ | - | ၁ | ဒိန်းမတ် |
| ဆွီဒင် | ၃ | - | ၃ | နော်ဝေ |
| ဆွီဒင် | ၂ | - | ၁ | တောင်အာဖရိက |

**အီတလီအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီတလီ | ၀ | - | ၁ | ဘယ်လ်ဂျီယံ |
| မော်ရိုကို | ၀ | - | ၈ | အီတလီ |
| အီတလီ | ၂ | - | ၀ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၂ | - | ၁ | အီတလီ |
| အီတလီ | ၁ | - | ၀ | အာဂျင်တီးနား |

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော
နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်
ရေချိုးခန်းသုံးကျောက်ပြားအရွယ်အစားမျိုးစုံ....







CNC 3D ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊ လှုသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄







## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ အ. ထ. က ရွှေကြက်ယက်၊ Grade-9 မှ မောင်မြတ်ထွန်းလင်း ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးခင်မောင်ထွေး ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွေး (၉/အမရ(နိုင်)၁၂၂၁၈၁)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းအခြေခံပညာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယအလယ်တန်းပြ ဒေါ်နုနုရီ (ဘ) ဦးမြမောင် (၉/အမရ(နိုင်)၀၁၃၅၃၄)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအဆင့်မြင့်တန်းစာမေးပွဲအောင်လက်မှတ်အရ ၁၂-၈-၁၉၆၂ ဖြစ်ပါကြောင်း။

**၁၂-၈-၁၉၆၂**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့၊ အ. ထ. က(၂)၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်ဇင်မင်းခန့် ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမောင်မောင်ဟန် ဖြစ်ပါကြောင်း။

**ဦးမောင်မောင်ဟန်(၈/မဘန(နိုင်)၀၆၅၉၄၃)**

## အမည်မှန်

မန္တလေး၊ အမရပူရမြို့၊ အ. ထ. က(၂)၊ Grade-9 တွင် ပညာသင်ကြားနေသော မဇင်ဖူးဝေ (ဘ) ဦးမောင်မောင်ဟန် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မဇွန်ဖူးဝေ ဖြစ်ပါကြောင်း။

**မဇွန်ဖူးဝေ**

## ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နေ မောင်ဖြိုးစင်သန့်(ဘ) ဦးကျော်ဘိုး (၈/ခဥတ(နိုင်)၀၃၃၃၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-473775)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၇၀၂၀၅၀၆

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မောင်သိန်းဇော်(ဘ) ဦးမောင်ဝင်း (၅/ကနန(နိုင်) ၀၃၉၆၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-230278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၇၁၁၆၅၅၃

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၊ တောင်ကိုင်းအလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ဇာနည်ကိုကို ၏ မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်တင်တင်နွယ် ဖြစ်ပါကြောင်း။ **ဒေါ်တင်တင်နွယ်(၉/အမရ(နိုင်)၁၁၃၅၄၃)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၊ တောင်ကိုင်းအလယ်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မရွှေပါရမီချစ် ၏ မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်သီတာမြင့် ဖြစ်ပါကြောင်း။ **ဒေါ်သီတာမြင့်(၉/အမရ(နိုင်)၁၀၀၈၅၅)**

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၊ တောင်ကိုင်းအလယ်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်ကြယ်စင်ဟိန်း ၏မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဒေါ်ချောစုဝင်း ဖြစ်ပါကြောင်း။ **ဒေါ်ချောစုဝင်း(၉/စကတ(နိုင်)၁၂၃၈၅၁)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




**ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...

❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...

❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၄/၂၀၂၃)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြို့မြေဖျက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

